# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 May 2021 ၁၀၃၇၁


# ကင်ဆာဆေး မသွင်းရသေးခင်က ကိုယ့်ဝေဒနာ ပျောက်ပါ့မလားဆိုပြီး စိတ်ဆင်းရဲခဲ့ရတယ်။ အခုတော့ စိတ်ချမ်းသာတယ်။ ဓာတ်မှန်တွေ အာထရာဆောင်းတွေရိုက်တော့ အပြင်မှာရိုက်တဲ့စရိတ်တွေကုန်တယ်။ ဒီမှာတော့ မပေးရဘူး၊ စေတနာနဲ့ ကြည့်ပေးပါတယ်

ဒေါ်သိန်းလှ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာန အပါအဝင် အခြားသောသက်ဆိုင်ရာ ဆေးကုသမှုဌာနများ ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်လုပ်ဆောင်ပေးလျက်ရှိ**

ကင်ဆာဝေဒနာရှင်များ၊ နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါဝေဒနာရှင်များအနေဖြင့် အထူးကု ပြင်ပလူနာဌာနရှိ နှလုံးဆေးကု၊ နှလုံးနှင့်သွေးကြောခွဲစိတ်၊ ဦးနှောက်နှင့် အာရုံကြောဆေးကု၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု၊ ကင်ဆာဆေးပညာ၊ ဓာတ်ရောင်ခြည်ဆေးကု စသည့် ဌာနတို့တွင် လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ပြီဖြစ်ပြီး အရေးပေါ်အထွေထွေခွဲစိတ်ကုသခြင်းများနှင့် နှလုံးနှင့်ပတ်သက်၍ အရေးပေါ်ဆေးကုသမှု (ဥပမာ) နှလုံးခုန်စက် (Pacemaker) လဲလှယ်ပေးခြင်းများကိုလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြန်လည်လုပ်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာစောင့်များအား ဆေးကုသပေးမှုနှင့်စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪




ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာစောင့်များကို တွေ့ရစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


အခွန်ကောက်ခံမှုနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၄

အစကတည်းက ရှိးသားခဲ့ရင် — စာမျက်နှာ » ၈

အမုန်အမှား ခွဲခြားဆင်ခြင်ဂုဏ်ယူနိုင်ကြပါစေ — စာမျက်နှာ » ၁၁

ကွမ်းစားခြင်းကိုရှောင် အိုတောင်မဆင်းရဲ — စာမျက်နှာ » ၁၅





ကြေးမုံ

# နိုင်ငံ့စီးပွားရေး ပြန်လည်ကုစားရေး ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးပေး

ကမ္ဘာပေါ်တွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာပြီး တစ်ဖက်တွင် စီးပွားရေးအပိုင်းပါ ကျဆင်းလာသည်ကို ကြားသိရသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအပိုင်းတွင် ကျဆင်းနေသော်လည်း နိုင်ငံ့လူဦးရေနှင့် စားနပ်ရိက္ခာ လောက်ငဖူလုံသောနိုင်ငံဖြစ်၍ စိုးရိမ်ဖွယ်ရာအလျှင်းမရှိပေ။

ထို့ကြောင့် ပြည်သူများအတွက် စားနပ်ရိက္ခာလည်းဖူလုံပြီး အထောက်အပံ့တစ်ခုဖြစ်စေရေးနှင့် နိုင်ငံ့စီးပွားပြန်လည်ဦးမော့လာရေး၊ပြန်လည်ကုစားရေးအတွက် ဆီထွက်သီးနှံအထွက်တိုးရေး စိုက်ပျိုးပေးရန် လိုအပ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့်ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၀/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး ဆန်စပါးပြီးလျှင် ပဲမျိုးစုံသီးနှံအထွက်ကောင်းသောနိုင်ငံဖြစ်သည်။ နိုင်ငံသူနိုင်ငံသားများသည် နေ့စဉ်စားသောက်ရာတွင် ဆီမပါလျှင်မပြီး မဖြစ်မနေချက်ပြုတ်စားသောက်ကြသည်။ ဆီသည် စားသောက်ကုန်စီးပွားရေးလုပ်ငန်းတွင်လည်း မဖြစ်မနေ အသုံးပြုရသော စားသောက်ကုန်ပစ္စည်းဖြစ်သည်။ လူတစ်ဦးနှုန်း ဆီစားသုံးမှုသည် တစ်နှစ်လျှင် ၄ ဒသမ ၅ ပိဿာခန့်ရှိသည်။ တစ်နိုင်ငံလုံး ဆီလိုအပ်ချက်များပြားနေသည်။

ဆီထွက်သီးနှံစိုက်ပျိုးကြသော်လည်း ပြည်တွင်း၌ စားသုံးဆီဖူလုံအောင် ထုတ်လုပ်နိုင်ခြင်း မရှိသေးသဖြင့် ပြည်ပမှ ဆီတင်သွင်းနေရပြီး နိုင်ငံခြားငွေများစွာ ကုန်ကျနေသည်။ ပြည်သူများအနေဖြင့် ဆီကို နေ့စဉ် နှစ်သက်စွာ စားသုံးနေကြသော်လည်း ကျန်းမာရေးနှင့်ညီညွတ်သောဆီများ စားသုံးနိုင်ရေးအတွက် ပြည်ပမှ တင်သွင်းသည့်ဆီများတွင် ပြန်လည်သန့်စင်ထားသည့်ဆီများ မဖြစ်စေဘဲ အရည်အသွေးအာမခံချက်ရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ဆီစားသုံးမှု လိုသည်ထက်ပို၍ များပြားနေသောကြောင့် ကိုယ်တွင်းရောဂါများ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည် ၆၇ ဒသမ ၄၂ သာရှိသဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးအဆင့်ဖြစ်နေသည်။ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သောဆီများ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့်စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့်ဆေးလိပ်သောက်သုံးမှုများကို အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည်။ ပြည်တွင်း၌ ကျန်းမာရေးအတွက် ဆီစားသုံးမှုကို လျှော့ချနိုင်ခြင်းအားဖြင့် ပိုလျှံသည့်ဆီများကို ပြည်ပသို့တင်ပို့နိုင်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာသီးနှံစိုက်ပျိုးရေးတွင် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး ဒုတိယဦးစားပေးအနေဖြင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးကို အလေးထားကြသည်။ မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီကို ပြည်ပမှတင်သွင်းနေပြီး ပဲမျိုးစုံတွင် ဈေးကွက်ဝင် စားသောက်ကုန်ပဲများကို ပြည်ပသို့တင်ပို့ကြသည်။ မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးမြေချဲ့ထွင်ကာ တိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်က ဆီထွက်သီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ မျိုး၊ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးပေးရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စားသုံးဆီထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများ ကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် မျိုး၊ မြေဩဇာ၊ စိုက်ပျိုးမြေ၊ နည်းပညာအဆင့်မြှင့်တင်ရေးကို ဆောင်ရွက်နိုင်မှသာလျှင် အထွက်နှုန်းတိုး၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး စိုက်ပျိုးသူတောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိလာကာ ကျေးလက်လူမှုဘဝများ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်သောဒေသများတွင် ဆီထွက်သီးနှံ အောင်မြင်ဖြစ်ထွန်းရေးကို ဆောင်ရွက်၍ ဆီထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆီစားသုံးမှုလျှော့ချခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီထုတ်လုပ်ခြင်း၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချ ခြင်းတို့ကို စီမံချက်ဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွား ပြန်လည်ဦးမော့လာကာ ပြည်သူများလည်း လူမှုစီးပွားဘဝများ မြင့်မားတိုးတက် လာမည်ဖြစ်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG"အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၁ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၂,၇၆၇ | ၂၅,၁၇၇,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅၇၅ | ၁,၉၈၇,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၅ | ၁၁၇,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁ | ၁၉,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၁ | ၈၅,၂၅၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၁ | ၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၈.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၆၈.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၂.၀၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၀၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၂.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၉.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ .....

**အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၃ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၅ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၆ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် အောင်လင်းထွန်းအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အခွန်ကောက်ခံမှုနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ LNG တင်သွင်းနိုင်ရေးကိစ္စနှင့် နိုင်ငံတော်အတွင်း ငွေကြေးလည်ပတ်စီးဆင်းမှု ပုံမှန်အခြေအနေသို့ ရောက်ရှိစေရန် ကိစ္စဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချလျက်ရှိသော ကုမ္ပဏီများ၏ ပြည်ပမှ LNG တင်သွင်းနိုင်ရေး လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးကိစ္စ၊ လျှပ်စစ်ဓာတ်အားခ ကောက်ခံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရေး၊ စက်မှုဇုန်များထံမှ ဓာတ်အားခကောက်ခံနိုင်မှုအခြေအနေများ၊ ဓာတ်အားခပေးဆောင်မှုကို အီလက်ထရောနစ်ငွေပေးချေမှုစနစ်၊ ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များဖြင့် ပေးဆောင်နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

အစည်းအဝေး ဒုတိယပိုင်းတွင် အခွန်ကောက်ခံမှုကိစ္စရပ်များနှင့် ဘဏ်များ၏ ငွေကြေးလည်ပတ်စီးဆင်းမှု အခြေအနေများအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးနှစ်အတွင်း ရသင့်ရထိုက်သော အခွန်အကောက်နှင့် လျှပ်စစ်ဓာတ်အားခတို့အပါအဝင် နိုင်ငံတော်၏ ရငွေလျာထားချက်အတိုင်း ကောက်ခံရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ ငွေသားသုံးစွဲမှုများကို လျှော့ချပြီး စာရင်းပြောင်းပေးချေမှုနည်းလမ်း၊ ချက်လက်မှတ်၊ ငွေပေးအမိန့်များ အသုံးပြုပေးချေသည့် နည်းလမ်း၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များ အသုံးပြုပေးချေသည့် နည်းလမ်းများကို တွင်ကျယ်စွာအသုံးပြုကြရန် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ်များသို့ ငွေသားပေးသွင်းမှု၊ ဘဏ်များမှ ငွေသားထုတ်ယူမှုများကို စောင့်ကြည့်စိစစ်ရန် လိုအပ်ကြောင်း၊ အခွန်ပေးဆောင်မှု၊ လျှပ်စစ်ဓာတ်အားခပေးဆောင်မှုစသည့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကို ပြည်သူများ လွယ်ကူလျင်မြန်စွာပေးသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ပြည်သူများသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်လိုအပ်ကြောင်း၊ နိုင်ငံပိုင်ဘဏ်များနှင့်အတူ ပုဂ္ဂလိကဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး၊ ပြည်သူများ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုအပြည့်အဝ ရရှိစေရေးတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အတူ မိမိတို့အားလုံးက ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်သွားကြရန် သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၁**

အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အရည်အသွေးပြည့်ဝ လတ်ဆတ်သည့် သားငါးများကို ပြည်သူများ ဝဝလင်လင်စားသုံးနိုင်ကြရန်လိုအပ်ကြောင်း၊ အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့်ညီညွတ်သည့်ထုတ်ကုန်များ ဖူလုံပိုလျှံစွာ ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းစားသုံးမှုသာမက ပို့ကုန်တိုးမြှင့်ရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မေ ၁၀ ရက် နံနက်ပိုင်းက မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၊ တွံတေးငါးလုပ်ငန်း အတတ်သင်သိပ္ပံနှင့် ငါးလုပ်ငန်းစခန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးသုတေသနပညာရှင်များနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းသည် ကဏ္ဍတိုင်းတွင် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ တိကျသည့် သုတေသနကို အခြေခံ၍ မူဝါဒများ စီမံကိန်း စီမံချက်များ ရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် သားငါးကဏ္ဍနှင့်ပတ်သက်သော သုတေသနများ အားနည်းခဲ့ကြောင်း၊ ယခုအခါ မိမိတို့ဆောင်ရွက်နိုင်သည့် ပမာဏအတွင်းမှစတင်၍ သားငါးကဏ္ဍနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ပညာရှင်များအပိုင်းက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းကြစေလိုကြောင်း၊ အဆိုပါ သုတေသနလုပ်ငန်းများကို တက္ကသိုလ်များ၊ စိတ်ပါဝင်စားသည့် ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရှိပြီးအရင်းအမြစ်များကို စနစ်တကျ အသုံးပြုနိုင်ရေး၊ ပညာရှင်များ၏ ကျွမ်းကျင်မှုနှင့် တာဝန်ကိုက်ညီစေရေး၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုအပိုင်း တိတိကျကျ စီစဉ်ဆောင်ရွက်နိုင်ရေးတို့ကို အမြန်ဆုံး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၊ တွံတေးငါးလုပ်ငန်းအတတ်သင်သိပ္ပံနှင့် ငါးလုပ်ငန်းစခန်းများ၌ ဒေသမျိုးရင်းဖြစ်သည့် ငါးမြင်းကို မျိုးအုပ်စုခွဲ၍ ယင်းတို့၏ သက်တန်းအလိုက် မျိုးပွားအင်္ဂါဖွံ့ဖြိုးမှု၊ သားပေါက်မှုတို့ကို သဘာဝရေပြင်နှင့် အနီးစပ်ဆုံး ပြုပြင်ထားသော ကန်များတွင် ထည့်သွင်းမွေးမြူ၍ သုတေသနလုပ်ငန်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင် လူကြိုက်များနေသော ငါးပြေမနှင့် ငါးဘဲဖြူ ငါးများကို စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ငါးသားပေါက်များ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အလားတူ သဘာဝနည်း၊ ဆေးထိုးသားဖောက်နည်းတို့ဖြင့် ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်း၊ ကောင်းမွန်သောငါးမွေးမြူရေးကျင့်စဉ် (GAqP) နည်းပညာများ အကူအညီပေးခြင်း၊ မအူပင်တက္ကသိုလ်သတ္တဗေဒ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဒေသခံတောင်သူများအား စာတွေ့လက်တွေ့ သင်တန်းများ ဆွေးနွေးပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာအနီးရှိ တံခွန်တိုင်မျိုးသန့်ခြံသို့ရောက်ရှိကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခြံတာဝန်ခံတို့က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်မှုအခြေအနေများ၊ တံခွန်တိုင်မျိုးသန့်ခြံ၏ ရာသီအလိုက် စပါးသီးနှံ မျိုးကွဲအလိုက် မျိုးသန့်မျိုးစေ့ထုတ်လုပ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသအလိုက် ရာသီအလိုက် သင့်လျော်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့အထူးပြုကုမ္ပဏီများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓနုဖြူမြို့နယ်ရှိ တမြာလျှပ်စစ်မြစ်ရေတင် စီမံကိန်းကိုကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများက မြစ်ရေတင်လုပ်ငန်းဆိုင်ရာများ၊ ရေသွင်းရေထုတ်မြောင်း တူးဖော်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**အပြီးတည်ဆောက်သွားမည်**

ဧရာဝတီမြစ်ရေကို ရေပေါ်ရေတင်စနစ် (ပွန်တွန်း)ဖြင့် တင်ယူ၍ စိုက်ပျိုးမြေဧက ၃၀၀၀ ကို အကျိုးပြုနိုင်မည့် တမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ စီမံကိန်းတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး ၂၀၂၂-၂၀၂၃ တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်အနီးတွင် ဒေသနေပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် ကုက္ကိုစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးအတွက် အစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာအဆင့် ခေါင်းဆောင်မှုသင်တန်းများ စီမံဆောင်ရွက်ပေးနေမှုနှင့် ကျေးရွာသောက်သုံးရေရရှိရေး ရေသန့်စင်စနစ် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သစ်တောပျိုးခင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သစ်တောဦးစီးဌာနက တည်ထောင်ထားသော ဝါးကတုတ်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ၂၀၂၁ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်ဖြန့်ဝေစိုက်ပျိုးရန်အတွက် ပျိုးထောင်ထားရှိသည့် နှစ်ပေနှင့်အထက် ပျိုးပင် ၂၀၀၀၀ အပါအဝင် သစ်မျိုးစုံ ပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

သစ်တောဦးစီးဌာန ပဲခူးတိုင်းဒေသကြီး အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေးကျွန်းစိုက်ခင်းဧက ၄၄၁၀၊ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၄၀၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၅၀ နှင့် မိုးရာသီ လူထုဖြန့်ပျိုးပင် ၁၄ သိန်း လျာထားဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်း အကွက်အမှတ်-(၁၀၁)ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းအများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်က တည်ထောင်စိုက်ပျိုးထားသည့် ၂၀၀၉ ခုနှစ် ကျွန်းစိုက်ခင်းဧက ၃၀၀ သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) သင်တန်းခန်းမဆောင်သို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် စက်ရုံမှူးတို့က စက်ရုံသမိုင်းကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု၊ စက်သုံးဆီ သိုလှောင်ကန်များ၏ အခြေအနေ၊ စက်ဆီ/ချောဆီရောစပ်စက်ရုံ အခြေအနေ၊ စက်သုံးဆီနှင့် ရေနံဓာတ်ငွေ့ရည် တင်ချဆိပ်ခံတံတား၊ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေးစခန်းအခြေအနေ၊ စက်ရုံဓာတ်ခွဲခန်းတွင် စက်မောင်းဆီ၊ ချောဆီများ စမ်းသပ်စစ်ဆေးပေးနေမှု၊ စက်ရုံ၏ လက်ရှိအခြေအနေနှင့် စက်ရုံပြန်လည်လည်ပတ်မည်ဆိုပါက အစားထိုးလဲလှယ်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေ၊ အပေါ့စားရေနံစိမ်း (condensate)နှင့် ရေနံစိမ်းဖြင့်လည်ပတ်ချက်လုပ်နိုင်မည့်အခြေအနေ၊ လက်ရှိဝန်ထမ်းအင်အား အခြေအနေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ စက်ရုံပိုင်မြေနေရာပေါ်တွင် အိန္ဒိယနိုင်ငံ Indian Oil Corporation Limited(IOCL) ကုမ္ပဏီမှ အဆိုပြုထားသော တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၁၀ သန်းခန့် ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံသစ်စီမံကိန်း တည်ဆောက်ရေး ဆွေးနွေးညှိနှိုင်းထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံရှိဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို တိကျစွာ လေးစားလိုက်နာကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်သို့ အမြန်ဆုံးဝင်ရောက်ပြီး စက်ရုံထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှု အခြေအနေအရ စက်ရုံအား သုံးနှစ်ခန့် ရပ်နားထားရာမှ ပြည်တွင်း၌ လိုအပ်သော စက်သုံးဆီများအား တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပြင်ဆင်ပြုပြင်ခြင်း လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ကာ လည်ပတ်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် စက်ရုံအလုပ်ရုံနှင့် ယာဉ်ယန္တရားများအတွက် လိုအပ်သော စက်ဆီ/ချောဆီ ရောစပ်စက်ရုံအား အမြန်ဆုံး ပြန်လည်လည်ပတ်ရန်ဖြစ်ကြောင်း၊ စက်သုံးဆီနှင့် ချောဆီ တင်ချ ဆိပ်ခံတံတားများ၏ ကြံ့ခိုင်စေရေး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်ရန် လိုကြောင်း၊ စက်ရုံပြန်လည် လည်ပတ်နိုင်ပါက ဝန်ထမ်းများ၏ ကာယဉာဏစွမ်းအားများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သလို မိမိဌာနအတွက်လည်း အကျိုးအမြတ် ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ စက်ရုံပြန်လည်လည်ပတ်ရေးဆိုင်ရာ အချက်အလက်များကို စိစစ်တွက်ချက် တင်ပြပေးစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို အသေးစိတ်စာရင်းပြုစု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ စက်ရုံသန့်ရှင်းသာယာမှုရှိစေရေး၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ် ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ဝင်းအတွင်းသို့လည်းကောင်း၊ ရေနံပေါင်းတင်စက်ရုံ၊ စက်ဆီ/ချောဆီရောစပ်စက်ရုံ၊ စက်သုံးဆီသိုလှောင်ကန်များနှင့် စက်သုံးဆီတင်ချ ဆိပ်ခံတံတားများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်း တံ့ပကာ - ဆုံဖာ - ပန်လုံလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်

**ဟိုပန် မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော တံ့ပကာ - ဆုံဖာ - ပန်လုံလမ်း အရှည် ကိုးမိုင်ကျောက်လမ်းအား ဘဏ္ဍာနှစ်အလိုက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၄ ဒသမ ၇၂၀ သန်းဖြင့် ကတ္တရာထပ်ပိုးလွှာ နှစ်မိုင် ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့်တာဝန်ရှိသူများက ယနေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းမှာ ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ဟိုပန်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာ၊ အိမ်ထောင်စု ၁၉၃ စု၊ လူဦးရေ ၁၀၆၉ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**

❍ ရန်ကုန်မှ

အဆိုပါ ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးကို ဝန်ထမ်းအင်အား အခြေအနေအရ ဖေဖော်ဝါရီ ၅ ရက်မှစတင်ပြီး အတွင်းလူနာဌာနနှင့် အချို့သောဌာနများကို ယာယီပိတ်ထားခဲ့ရပြီး ပြင်ပလူနာဌာနနှင့် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဧပြီလမှစတင်ပြီး ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းအင်အား စုစုပေါင်း ၆၀ ကျော်ခန့်ဖြင့် အတွင်းလူနာ ၂၀ ခန့်၊ အရေးပေါ်ပြင်ပ လူနာဌာနကို နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ၊ အထူးကုပြင်ပလူနာဌာနတွင် အရေပြားရောဂါကုသရေးဌာနမှလွဲ၍ အခြားသောဌာနများကို ပုံမှန်လည်ပတ်ကုသပေးလျက်ရှိသည့်အပြင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါလူနာများအတွက် သီးသန့်ခန်း၊ အကာအကွယ်ပစ္စည်းများထားရှိပြီး မတ် ၂၃ ရက်မှစတင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့်ပူးပေါင်း၍ အသက်(၆၅)နှစ်အထက် ပြည်သူများ၊ ကျန်းမာရေးဌာနဝန်ထမ်း မိသားစုဝင်များ စုစုပေါင်း မတ်လတွင် ၃၅၀ ၊ ဧပြီလတွင် ၇၀၀ တို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

**ဆေးကုသမှုခံယူ**

ယခုအခါ ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာဦးရေ ၆၀ ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၂၀ ခန့် တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**

## တွေ့ဆုံမေးမြန်း



ဒေါ်သိန်းလှ



ကိုနိုင်မင်းထွဋ်



ဒေါ်ချို




ကိုထွန်းထွန်းစိုး




မစုပြည့်အောင်



မမြင့်သက်ခိုင်

**✪ ရှေ့ဖုံးမှ**

**ကင်ဆာရောဂါဆေးကုဌာနတွင် လာရောက်ဆေးကုသမှုခံယူနေသည့် ဒေါ်သိန်းလှ (မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်)**

ကျွန်မက အသက် (၆၅) နှစ် ရှိပါပြီ။ မကွေးတိုင်း တောင်တွင်းကြီးက လာတာပါ။ မျက်လုံးက အဖုအကျိတ်ကြီး ထွက်နေတာပါ။ ပထမတစ်ခါ ခွဲပြီးသားပါ။ မျက်စိတစ်ခါခွဲပြီး ကင်ဆာဖြစ်တယ်ဆိုလို့ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးကို လွှတ်လိုက်တာပါ။ ဆေးရုံကြီးကို လွှတ်နေတာကြာပါပြီ။ ကိုဗစ်ကလည်းဖြစ်နေတော့ မလာဖြစ်ခဲ့ဘူး။ အခုကန်တော်ကြီး မျက်စိ ဆရာဝန်က ဖုန်းဆက်ပြီး ဒီကိုသွားဆိုပြီး လွှတ်လိုက်လို့ ရောက်လာတာ တစ်ပတ်လောက်ရှိသွားပြီ။ ပထမတော့ ဆေးကုသဖို့အတွက် ဓာတ်မှန် ရိုက်ခိုင်းတယ်။ ဒီနေ့က ပြန်ချိန်းလို့ လာရတာပါ။ ကိုယ်လိုတဲ့ အချိန် လေး ဒီလိုလေး ကင်ဆာဆေးသွင်းရမယ်ဆိုတော့ ဝမ်းသာတာပေါ့။ ကင်ဆာဆေး မသွင်းရသေးခင်က ကိုယ့်ဝေဒနာပျောက်ပါ့မလားဆိုပြီး စိတ်ဆင်းရဲခဲ့ရတယ်။ အခုတော့ စိတ်ချမ်းသာတယ်။ ဓာတ်မှန်တွေ အာထရာဆောင်းတွေရိုက်တော့ အပြင်မှာရိုက်တဲ့စရိတ်တွေ ကုန် တယ်။ ဒီမှာတော့ မပေးရဘူး၊ စေတနာနဲ့ ကြည့်ပေးပါတယ်။

အရင်က မျက်စိကို ကန်တော်ကြီးဆေးရုံမှာ ပြနေတာ။ အသားစ ယူပြီး ဓာတ်ခွဲစစ်ဆေးတဲ့အခါကျမှ ကင်ဆာလို့သိရတာ။ ဆရာဝန်က ကင်ဆာဆေးသွင်းဖို့ ပြောတယ်။ ဖုန်းလည်း ဆက်ပေးတယ်။ အဲဒါနဲ့ ဒီကိုရောက်လာတာပါ။

**ဦးနှောက်နှင့် အာရုံကြောဌာနတွင် ဆေးကုသမှုခံယူနေသည့် ကိုနိုင်မင်းထွဋ် (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်)**

ကျွန်တော်က လှိုင်သာယာမြို့နယ်မှာ နေပါတယ်။ အပြင်းဖျားပြီး တော့ ဦးနှောက်အမြှေးပါးရောင်ရောဂါနဲ့ ဒီကိုရောက်လာတာပါ။ ဆေးရုံကို အဖေလိုက်ပို့ပေးတာပါ။ ဒီမလာခင် လူမှုဖူလုံရေးဆေးခန်းမှာ သွားပြခဲ့သေးပါတယ်။ အဲဒီကနေတစ်ဆင့် ဒီကိုရောက်လာတာပါ။ ပြီးခဲ့တဲ့ ဧပြီလ ၃၀ ရက်လောက်ကစပြီး နေမကောင်းဖြစ်တာပါ။ တဖြည်းဖြည်းနဲ့ သက်သာလာပါပြီ။ ဆရာဝန်၊ ဆရာမတွေကလည်း တစ်ခုခုဆိုတာနဲ့ ဂရုစိုက်ပေးကြပါတယ်။ ဒီမှာက အဆင်ပြေပါတယ်။

ဆေးရုံကတော့ ဘယ်နေ့ဆင်းရမယ်မသိပါဘူး။ ဆေးစစ်ချက်တွေက မရသေးတဲ့အတွက်ပါ။ အပြင်ကနေ ဝယ်ရတဲ့ဆေးဝါးကုန်ကျစရိတ် တော့ရှိပါတယ်။ ကျန်တဲ့ ဆေးဝါးတွေကတော့ မဝယ်ရပါဘူး။ ဆေးရုံက ပေးတာတွေလည်း ရှိပါတယ်။ ဆေးရုံမှာ အချိန်ပြည့် ကြည့်ရှုပေးမယ့် ဆရာဝန်တွေ ရှိနေတာကိုက လူနာတွေအတွက် ကံကောင်းတာပါ။ ကျွန်တော်ဆို ဆရာဝန်တွေမရှိရင် သေရမှာ။ ဘာလို့လဲဆိုတော့ သတိ သုံးရက်လွှတ်သွားတယ်။ အခုလို ကြည့်ရှုကုသပေးတဲ့သူရှိလို့သာ အသက်ပြန်ရှင်ရတာပါ။

**ဆေးကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေသည့် ဒေါ်ချို (ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်)**

ပဲခူးတိုင်း ဝေါမြို့နယ်မှာ နေပါတယ်။ လယ်ထဲကို ထမင်းသွားပို့ရင်း အပြန် မြွေကိုသွားတက်နင်းမိရင်း အကိုက်ခံရတာပါ။ ရေမြွေလောက်ပဲ အကိုက်ခံရတာ ထင်နေတာ။ မနက်ပိုင်းလောက်ကျတော့ လူကမနေ နိုင်တော့ဘူး၊ တဖျဉ်းဖျဉ်းနဲ့ အဖျားတွေတက်လာပါတယ်။ ဆေးရုံကို သွားပြတယ်။ ပေါင်ကိုကြိုးလေးနဲ့စီးပြီးနေတာ ငါမနေနိုင်တော့ဘူး ဆိုပြီး ခြေထောက်ကလည်း တန်းတန်းကြီးဆွဲနေတာ။ ဆိုင်ကယ်ပေါ်မှာ သတိမေ့သွားတာ။ အဲဒီကနေ ဝေါကိုသွား၊ ဝေါကနေ ပဲခူးကို သွားခိုင်း တယ်။ ပဲခူးဆေးရုံမှာ သုံးရက် ကုပါတယ်။ တစ်ခါ ပဲခူးဆေးရုံကနေ ကျောက်ကပ်ဆေးရမယ်ဆိုပြီး ရန်ကုန်ဆေးရုံကြီးကိုလွှတ်လို့ ရောက် လာတာပါ။ ကျောက်ကပ်တစ်ခါဆေး တစ်ခါသက်သာတယ်။

ဆေးရုံက ဆင်းရမယ့်ရက်တော့ မသိသေးဘူး။ ကျောက်ကပ်ဆေး တာက အပြင်မှာဈေးကြီးတယ်။ ဒီမှာက သက်သာပါတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း သဘောကောင်းပါတယ်။ ရှေ့တစ်ပတ် သောကြာ နေ့က တစ်ခါဆေးတယ်။ တနင်္လာနေ့တစ်ခါဆေးတယ်။ နောက်တစ် ခေါက်ဆေးရင် ဘယ်နေ့ဖြစ်မလဲမသိဘူး။ အခုချိန် ဆေးရုံတွေမှာသာ ဆရာဝန်တွေမရှိလို့ ဆေးကုသပေးမယ့်သူမရှိရင် သေသွားနိုင်တယ်။ အချိန်မီကုသခွင့်ရလို့ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အရိုးနှင့် ထိခိုက်ဒဏ်ရာကုဌာနတွင် ဆေးကုသမှုခံယူနေသည့် ကိုထွန်းထွန်းစိုး (ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်)**

ဧရာဝတီတိုင်း ငွေဆောင်ကနေ ဆေးလာကုတာပါ။ ဆိုင်ကယ်မှောက် ပြီး ခြေထောက်ကျိုးသွားလို့ စတီးရိုးအစားထိုးဖို့ ပုသိမ်ဆေးရုံကြီးကနေ ဒီဆေးရုံကြီးကို လွှဲလိုက်တာပါ။ ဆရာဝန်တွေကလည်း ဂရုစိုက်ကြပါ တယ်။ အခုတော့မခွဲရသေးပါဘူး။ ခွဲဖို့ရက်က မရသေးပါဘူး။ ကျွန်တော် တို့က နယ်ကလာတာဆိုတော့ ကုန်ကျစရိတ်တွေ မတတ်နိုင်ပါဘူး။ ဒါက ကိုယ့်ပြည်သူ့ဆေးရုံကြီးဆိုတော့ အကုန်အကျလည်း သက်သာ တယ်။ ပစ္စည်းကိရိယာလည်းစုံလင်တယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အစစအရာရာ အားကိုးပြီးလာတာပါ။ ဟိုကလာတုန်းကတော့ ဆရာဝန် တွေများရှိပါ့မလားဆိုပြီး အားငယ်စိတ်ဖြစ်မိတယ်။ ဒီကျတော့ ဆရာဝန်၊ ဆရာမတွေရှိတယ်။ လိုအပ်တာတွေလည်း စီစဉ်ပေးတဲ့အခါကျတော့ အားရှိတာပေါ့။ ဆေးရုံမှာက သူ့ဟာနဲ့သူ ဆရာဝန်တွေရှိတယ်။ ဆေး လာကုနေတဲ့ လူနာတွေရှိတယ်။ အခုကာလက ငွေရေးကြေးရေးအကျပ် အတည်းရှိတဲ့ အချိန်ဆိုတော့ ပြည်သူ့ဆေးရုံတွေကပဲ အားကိုးစရာရှိ တာပါ။

**ခွဲစိတ်အရေးပေါ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေသည့် မစုပြည့်အောင် (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်)**

လှိုင်မြို့နယ်မှာ နေတာပါ။ စနေနေ့က ခွဲစိတ်တာပါ။ ဖြစ်တာက ကြာသပတေးနေ့လောက်ကပါ။ ဖြစ်ဖြစ်ချင်း ဆေးခန်းအရင်ပြပါတယ်။ ဆေးခန်းက ရန်ကုန်ဆေးရုံကြီးကို လွှဲတာနဲ့ ချက်ချင်းလာတာပါ။ ရောက်တာနဲ့ သွေးပေါင်ချိန်တွေတိုင်း သွေးစစ်ပြီးတာနဲ့ ချက်ချင်း ခွဲပေးတာပါ။ ကုန်ကျစရိတ်လည်း မရှိပါဘူး။ အခုသက်သာနေပါတယ်။ အခုနေ ပြန်တွေးမိတာက အဲဒီအချိန်တုန်းကသာ ခွဲစိတ်ဆရာဝန်တွေ မရှိရင်ဆိုပြီး နည်းနည်းတော့ ကြောက်မိတယ်။ အခုလို ခွဲစိတ်ကုသပေး တဲ့ ဆရာဝန်၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။

**နှလုံးဆေးကုသဆောင်တွင် နှလုံးခုန်စက်တပ်ဆင်သည့် မိခင်ဖြစ်သူအား လူနာစောင့်အဖြစ်လိုက်ပါလာသည့် မမြင့်သက်ခိုင် (ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်)**

အလုံမြို့နယ်မှာ နေပါတယ်။ အမေက စဖြစ်တာက နှလုံးခုန်နှုန်းတွေ ကျတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနလာပြတော့ နှလုံး စက်ထည့်ရမယ်ဆိုတာနဲ့ နှလုံးစက်လာထည့်တာပါ။ အရင်က ဘယ်မှာ မှမပြဖူးပါဘူး။ အပြင်ဆေးခန်းမှာပဲ ပြနေတာပါ။ ပြနေရင်းနဲ့ နှလုံးခုန် နှုန်းတွေကျလို့ ရန်ကုန်ဆေးရုံကြီးကို လွှဲပေးလိုက်ပါတယ်။ ဒီမှာက ဆေးဝယ်သောက်ရတာပဲ ရှိပါတယ်။ စက်လည်း ထည့်ပေးလိုက်တယ်။ ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသရလို့ တော်သေးတယ်။ အပြင်ဆေးခန်း တွေမှာဆို မလွယ်ဘူး။ ဆေးရုံက ကုန်ကျစရိတ်သက်သာတယ်။ အပြင် မှာဆို ဈေးတအားကြီးတယ်။ မတတ်နိုင်ဘူး။ နှလုံးစက်က အပြင်မှာ သိန်း ၂၀ လောက်ရှိတယ်။ ကျွန်မတို့အနေနဲ့ မတတ်နိုင်ဘူး။ ရန်ကုန် ဆေးရုံကြီးမှာ လာထည့်တာမှာ ကုန်ကျစရိတ်တော့မရှိဘူး။ ဒီမှာက ဆေးရုံတက်ကြည့်လို့ သိရတာပါ။ လိုလေသေးမရှိ ဂရုစိုက်ကြပါတယ်။ ဆရာဝန်တွေလည်း ပုံမှန်လှည့်ကြည့်ပေးကြပါတယ်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာ ဦးရေ ၅၀၀ ကျော်ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၁၇၀ ကျော် တက်ရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသည်။

**တွေ့ဆုံမေးမြန်း - စိမ်းခက်၊ လင်းလတ်**

**ဓာတ်ပုံ - ကိုနေ**

**❖ ဘဏ်များမှ**

ဆုံးရှုံးသွားမည်မဟုတ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ်စနစ်အားယုံကြည်ပြီး ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများအား အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ၎င်းက ပြောကြားခဲ့သည်။

ထို့အတူ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ဗဟိုဘဏ်အနေဖြင့် ဘဏ်စနစ်တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် ငွေထုတ်ယူမှုကန့်သတ်ချက်ကို ထုတ်ပြန်လိုက်ရခြင်းဖြစ်ကြောင်း၊ စိုးရိမ်စိတ်ဖြင့် ထုတ်နေသူများရှိသကဲ့သို့ တစ်ပြိုင်တည်း စိုးရိမ်စိတ်ဖြင့် ငွေလာမအပ်တော့သည့် ကိစ္စရပ်လည်း ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် မအပ်ဘဲ ထားသည့်ငွေအတွက် အိမ်တွင် လုံခြုံမှုမရှိ စိုးရိမ်ပူပန်မှု ဖြစ်လာကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဆိုပါကိစ္စရပ်များ ဖြေလျှော့နိုင်ရေးအတွက် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း။

အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် မေ ၃ ရက်မှစပြီး ဘဏ်များတွင်ဘဏ်စာရင်းသစ်များ ဖွင့်လှစ်၍ ငွေသားအပ်နှံ ထည့်သွင်းခွင့်ပြုခဲ့ကြောင်း၊ ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း။

မေ ၃ ရက်မတိုင်မီ ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူလငွေထုတ်ကန့်သတ်ချက်များအတိုင်း ငွေသားများ ဆက်လက်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ ငွေထုတ်ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လက်ရှိအချိန်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အခက်အခဲများကြောင့် ငွေကြေးထုတ်ယူမှု ကန့်သတ်ချက်များနှင့်စပ်လျဉ်းပြီး ပြောကြားခဲ့သည်။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာသည့်အတွက် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လာနိုင်သောကြောင့် နိုင်ငံပိုင်ဘဏ်များအပြင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများကလည်း ပြည်သူများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာသဖြင့် နိုင်ငံအတွင်း ငွေကြေးစီးဆင်းမှုများ ပိုမိုကောင်းမွန်လာသည်ကိုလည်း တွေ့မြင်နေရသည်။

**မောင်ခနေ**



# ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း(Early Childhood Intervention-ECI) ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒပါ မဟာဗျူဟာ ၁၀ ရပ်အနက် မဟာဗျူဟာ(၃)အရ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းအတွက် အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၁၇-၂၀၂၁)ကို ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် မိတ်ဆက်ဖြန့်ချိခဲ့ပါကြောင်း၊ Early Childhood Intervention- ECI ကို ပညာရေး၊ ကျန်းမာရေး၊ အာဟာရနှင့် အကာအကွယ်ပေးရေးနယ်ပယ်များတွင် ကဏ္ဍပေါင်းစုံပါဝင်သည့် ဝန်ဆောင်မှုများကို ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းနှင့်အခြားလိုအပ်ချက်များရှိခြင်း စသည့်ဖွံ့ဖြိုးမှု နှောင့်နှေးဖွယ်ရှိသည့် မွေးစမှ (၅)နှစ်အရွယ် ကလေးများအားလုံးသည် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာများကို အပြည့်အဝရရှိရန်နှင့် အခွင့်အရေးများကို ခံစားရရှိနိုင်ရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများကို ရရှိနိုင်ရမည်ဆိုသည့် အနာဂတ်မျှော်မှန်းချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်သွားမည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်/ကျေးရွာခုနစ်ခုကို ရှေ့ပြေးဧရိယာများအဖြစ် ရွေးချယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းသားများရွေးချယ်၍ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများ၊ မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာပါ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုကို စနစ်တကျတိုင်းတာစစ်ဆေးပြီး အထူးစောင့်ရှောက်ရန် လိုအပ်နေသောကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုများကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးတို့အနက် အဓိကကျသည့် ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ဆိုသည့် အခွင့်အရေးများကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ရပ်ရွာဒေသများမှ ကလေးသူငယ်များ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုရှိနေစေရန်အတွက် ပုံမှန်ဆန်းစစ်မှသာ ဖွံ့ဖြိုးမှုနောက်ကျသော အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျရန် အလားအလာရှိနေသော ကလေးများကို ဆောလျင်စွာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူ့စွမ်းအားဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုပါကြောင်း၊ ECI လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ လက်ရှိရှေ့ပြေးဧရိယာများတွင် ဆောင်ရွက်နေသည့် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များသည်လည်း အရေးပါကြောင်း၊ ဝန်ဆောင်မှုဧရိယာများတွင် လစ်လပ်နေသော ဝန်ထမ်းများခန့်အပ်၍ သင်တန်းများပေးရန်၊ လုပ်ငန်းစီမံချက်ပြန်လည်စိစစ်ရေးဆွဲပြီး အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများတွင် တင်ပြသွားရန်နှင့် ECI ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်တန့်စေခြင်းမရှိဘဲ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အထွေထွေဆွေးနွေး**

ထို့နောက် ECI ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များကို ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူတို့က ဆွေးနွေးကြပြီး ဆက်လက်၍ ECI ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက မြေပြင်အခြေအနေများကို တင်ပြကြရာ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနတွင် ပြည်သူလူထုအတွက် ဝန်ဆောင်မှုများ အကျိုးရှိထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ECI သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ကိုယ်ဝန်ဆောင်ကာလမှစ၍ ကလေးအသက်(၅)နှစ်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး အဆိုပါ ကာလအတွင်း တိုင်းတာစစ်ဆေးခြင်း မပြုနိုင်ပါက ကလေးသူငယ်များဖွံ့ဖြိုးရေးအတွက် ပြန်လည်ပြုပြင်ပြောင်းလဲရန်ခက်ခဲပါကြောင်း၊ ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးအချိန်ဖြစ်သည့် အဆိုပါကာလအတွင်း တိုင်းတာစစ်ဆေးခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်နိုင်မှသာ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်အတွက် စိတ်ချရမည်ဖြစ်ကြောင်း၊ တင်ပြချက်များအရ ဦးစားပေးအဆင့်အလိုက် လုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ သင်တန်းများပို့ချခြင်း၊ ကဏ္ဍအားလုံးပါဝင်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပါဝင်သော ကော်မတီအစည်းအဝေးများ ကျင်းပပြီး လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ကျောင်းအပ်ကြစို့

✻ ခေါင်းလောင်းသံတိတ်၊ ကျောင်းကြီးပိတ်တော့
လွမ်းရတော့မယ်၊ ငိုချင်တယ်လို့
သူငယ်ချင်းတွေ၊ နှုတ်ဆက်လေခဲ့
ဝေးနေခဲ့သော်၊ ကျောင်းတော်ကြီး . . . ။

✻ ခေါင်းလောင်းသံချို၊ ကျောင်းကကြိုပြီ
တေးသီသံလား၊ စမ်းရေလားကွယ်
ပန်းများဖူးငုံ၊ မွှေးထုံသင်းကာ
စာသင်ခန်းဆီ၊ ပြန်လာမည်ဟု
တူညီစိတ်ထား၊ ကျောင်းတော်သားတွေ
ဆွေးနွေးနေကြ၊ ပျော်ရွှင်လှ . . . ။

✻ အနာဂတ်ကို၊ ပျော်ရွှင်လိုလျှင်
ခြေလှမ်းပြင်ကြ၊ တက်ပြင်ကြပါ
လေလာပါလျှင်၊ ရှက်ကိုဆင်ကြ
နောက်မကျကြေး၊ စိန်ခေါ်ပြေးပြီး
ပန်းတိုင်ဆီသို့၊ ရောက်ပြီဟုနော်
ကြွေးကြော်နိုင်သူ၊ ပန်းဝင်သူဟု
ဝင့်ကြွားနိုင်သူဖြစ်ရမည် . . . ။

✻ ဦးတည်မျှော်မှန်း၊ စိတ်ရည်တမ်းတ
ပန်းတိုင်လှဆီ၊ ရောက်ချင်ပြီဟု
မျှော်ရည်တွေးခဲ့၊ ဆန္ဒရဲ့ စေရာ
ပြည့်ဆည်းရာသည်၊ ရင်မှာခံစား
စံထားတွေ့ကြ၊ ယုံကြည်ရမှာ
ပညာသာလျှင်၊ အရာရာကို
ပြည့်စုံပိုသည်၊ ရွှေအိုးငွေအိုး
တန်ဖိုးကြီးမား၊ စွမ်းအားများရှိ
အသိအလိမ္မာ၊ ဉာဏ်ပညာဟု
မှတ်ပြုငယ်မှာ၊ ပညာရှာမှ
ကြီးလာနောင်ရေး၊ ကောင်းမည်တွေးလျက်
ချီတက်ခြေလှမ်း၊ ရှေ့သို့ လှမ်းကြွ
နောက်မကျဖို့၊ သွားကြစို့ . . . ။
ကျောင်းတက်ရဖို့၊ ကျောင်းအပ်စို့ . . . ။

လပြည့်ဝန်းအောင်ကျော် (T.T.S-စက်မှု)

# အစကတည်းက ရိုးသားခဲ့ရင်

ဓမ္မဘက်တော်သား (အင်ကြင်းမြေ)

ဒီကနေ့ မြန်မာ့နိုင်ငံရေးက ရင်မအေးစရာ ဖြစ်လာနေပြီဟု ပြောရမည်ထင်သည်။ အမုန်းတရားများဖြင့် တည်ဆောက်လာခဲ့သည့် နိုင်ငံရေးဖော်ဆောင်မှုအောက်တွင် ကျွန်ုပ်တို့ပြည်သူတွေ စတေးခံနေရသည်။ လူမှုဘဝ ဒုက္ခအရိပ်အယောင်တွေကို မြင်တွေ့နေရသည်။ တိုးတက်စပြုနေသည့် ပြည်သူ့ဘဝများသည် အမြစ်ကို ရေနွေးပူပူဖြင့် အလောင်းခံလိုက်ရသည့်နယ် ညှိုးနွမ်းလာနေပြီဟု ခံစားလာရသည်။

ယခုဆိုလျှင် အခြေခံလူတန်းစား ပြည်သူအများကို ထမင်းနပ်မှန်အောင် ကူညီပေးနေသည့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း တော်တော်များများ ရပ်နားသွားကြပြီ။ ထို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာပြီး အခြေခံလူတန်းစားများအနေဖြင့် အလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်လာခဲ့ရချေပြီ။ ဒီကြားထဲ ကျန်းမာရေးပြဿနာ တစ်ခုခုဖြစ်လာခဲ့လျှင်လည်း အဘယ်သူ့ကို အားကိုးရမည်မသိ။

## ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်

အခြေခံလူတန်းစားများဟူသည် တစ်နေ့လုပ်တစ်နေ့စားဆိုတာထက် တစ်နေ့လုပ်ပြီး တစ်နေ့မစားလောက်ဟုဆိုလျှင် ပို၍မှန်လိမ့်မည်။ အထူးသဖြင့် ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားများအတွက် နေ့စဉ်ဝင်ငွေသည် ပို၍အရေးကြီးလှပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျောတစ်နေရာစာအတွက် ငွေပေးနေရသလို ရေတစ်ခွက်သောက်ဖို့အတွက်လည်း ငွေပေးနေရသည်။ ယုတ်စွအဆုံး အပေါ့အလေးစွန့်ရာ၌ပင် ငွေပေးနေရသောကြောင့် ဖြစ်သည်။ ယခုလို အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်းသည် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

ပြဿနာတို့သည် မည်သည့်အတွက်ကြောင့် ပေါ်ပေါက်လာခဲ့ရပါသနည်း။ ပြောကြပေဦးမည်။ "စစ်တပ်က အာဏာသိမ်းလို့"။ ထို့ထက်ပိုသော အဖြေ၊ ထိုမှခွဲထွက်သော အဖြေတစ်ခုခုကို ပေးမည့်သူမရှိ။ တကယ်ဆိုလျှင် လူအများကြီး ပြောနေကြသလို စစ်တပ်က အာဏာသိမ်းတယ်ပဲထား။ အဘယ့်ကြောင့် အာဏာသိမ်းရသည်ဆိုသည့် အချက်ကို ထည့်စဉ်းစားဖို့သင့်သည်။ မည်သူကမှ စဉ်းစားခဲ့ပုံမရပါ။

တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ပြီး တစ်ပတ်မပြည့်ခင် ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ရန်ကုန်မြို့မှာ ဆန္ဒပြလှုပ်ရှားမှုတစ်ရပ်ကို အထည်ချုပ်အလုပ်သမားအချို့တို့က ပြုလုပ်ခဲ့သည်။ အဲဒီနောက်ပိုင်းမှာ နေ့စဉ်ရက်ဆက် လူထုဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာခဲ့ရာ စာရေးသူသည်လည်း ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်ပြီး နေ့စဉ်လိုလို သတင်းနှင့် မှတ်တမ်းဓာတ်ပုံ ဗီဒီယိုများရိုက်ကူးရင်း ရန်ကုန်မြို့တွင်း နေရာစုံတို့ကို လှည့်လည်သွားလာဖြစ်ခဲ့သည်မှာ တစ်လနီးပါးခန့်ကြာခဲ့သည်။

## အများဆုံးကြားခဲ့ရ

ထိုသို့ လှည့်လည်သွားလာရာ၌ အငှားယာဉ်မောင်းများကို "စစ်တပ်က ဘာကြောင့် အာဏာသိမ်းရတာလဲ" ဆိုသည့် မေးခွန်းကို တော်တော်များများ မေးကြည့်ဖြစ်ခဲ့သည်။ ထိုအခါ ကြားသိရသမျှသော အဖြေစကားမှာ ရေရာလှသည်မဟုတ်ဘဲ "ဘာကြောင့်အာဏာသိမ်းတယ်ဆိုတာ ကျွန်တော်တို့မသိဘူး။ သိလည်းမသိချင်ဘူး။ သိဖို့လည်း မလိုအပ်ဘူး။"ဆိုသည့် အဖြေကိုသာ အများဆုံးကြားခဲ့ရသည်။ ဤကား ယနေ့ပြဿနာ၏ အဓိက အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

ယနေ့ အများစုဖြစ်သော ပြည်သူလူထုသည် မိမိတို့၏ ဝမ်းစာရေးအတွက် အချိန်ပြည့် ရုန်းကန်နေလာခဲ့ကြရပြီး နိုင်ငံရေးကို စိတ်ဝင်စားသည့် အရိပ်လက္ခဏာများကို မတွေ့ရှိရပေမယ့် စစ်တပ်ကိုတော့ သူတို့မုန်းတတ်သည်။ စစ်တပ်ကို မုန်းတီးနေခြင်းသည်ပင်လျှင် ၎င်းတို့အဖို့ နိုင်ငံရေးလုပ်နေခြင်းဟု သဘောပိုက်ထားပုံရသည်။ "အာဏာရှင်ကို ပြုပါ" ဟုဆိုလျှင် စစ်တပ်ကိုသာ ၎င်းတို့လက်ညှိုးထိုးကြမည်။

ထိုမျှသာသိသော ပြည်သူမှာ ၉၀ ရာခိုင်နှုန်းကျော်ရှိပေလိမ့်မည်။ ထို့အတွက်ကြောင့်ပင် ယနေ့ကြုံတွေ့နေရသည့် နိုင်ငံရေးဖြစ်စဉ်များ၌ တပ်မတော်သည်သာ အလွန်၊ တပ်မတော်သည်သာ အဆိုး၊ တပ်မတော်က လက်နက်အားကိုးနဲ့ အနိုင်ကျင့်တာဟု တစ်ဖက်အမြင်တစ်ခုတည်းဖြင့် အထက်ဖော်ပြပါ အကြောင်းအချက်တို့ကို သိလည်းမသိ၊ သိဖို့ရန်လည်း မကြိုးစား၊ သိလည်းမသိချင်ဘဲ "စစ်အာဏာရှင်တော်လှန်ရေး" ဟု ခေါင်းစဉ်တပ်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြရာက ယခုဆိုလျှင် ဆန္ဒပြခြင်းကို ကျော်လွန်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို ပြုလုပ်လာသည်အထိ ဖြစ်လာခဲ့ချေပြီ။

"စစ်အာဏာရှင်တော်လှန်ရေး"ဟု ခေါင်းစဉ်တပ်ထားသည့် ၎င်းတို့၏ အဖျက်အမှောင့်လုပ်ရပ်တို့၏ အကျိုးသက်ရောက်မှုများသည် တပ်မတော်ကို ထိခိုက်မှုမရှိဘဲ ပြည်သူအားလုံးထံသို့သာ မြားဦးလှည့်ရောက်ရှိလာခဲ့ပြီး အထက်တွင် တင်ပြခဲ့သည့် လူမှုဘဝ ဒုက္ခအထွေထွေများဖြင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်သာ အဖတ်တင်ပါသည်။ တပ်မတော်အနေဖြင့်ကတော့ ဆူပူအကြမ်းဖက်သမားများကို နှိမ်နင်းအရေးယူရသည့် အလုပ်တစ်ခုတိုးလာခြင်းထက်မပိုခဲ့ပေ။

စဉ်းစားကြည့်ပါ။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း အခြေခံလူတန်းစားများကို ထမင်းကျွေးနေသည့် ပုဂ္ဂလိကလုပ်ငန်းများ အဘယ့်ကြောင့် ရပ်ဆိုင်းသွားရပါသနည်း။ "စစ်အာဏာရှင်လက်အောက်မှာ အလုပ်မလုပ်လို၍" ဟု ပြောကြပေဦးမည်။ အကယ်စင်စစ် မြေပြင်အခြေအနေမှန်များကို လေ့လာကြည့်ရာ၌ ထိုသို့မဟုတ်ဘဲ အလုပ်သမားများအနေဖြင့် ဆန္ဒပြပွဲများကို အကြောင်းပြု၍ လုပ်ငန်းခွင်ဝင်ရောက်မှု ပျက်ကွက်ခြင်းကြောင့် လုပ်ငန်းရှင်များအတွက် ကတိစာချုပ်များ အကြိမ်ကြိမ်ကျိုးပျက်ခဲ့ရပြီး လုပ်ငန်းအော်ဒါသစ်များ ထပ်မံမရရှိသည့်ပြဿနာနှင့် ကြုံတွေ့ကာ လုပ်ငန်းရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားအများစု ပါဝင်သည့် စစ်အာဏာရှင်တော်လှန်ရေးအဖွဲ့ကြီးမှ ၎င်းတို့ကို ထမင်းကျွေးနေသည့် အထည်ချုပ်စက်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံပိုင်ပစ္စည်းများ ယူဆောင်ခြင်းများကို ပြုလုပ်ခဲ့ကြသည့်အပြင် ၎င်းတို့၏ ဆူပူလှုပ်ရှားမှုများ၌ အကြောင်းအမျိုးမျိုးကြောင့် မပါဝင်ဘဲ အလုပ်ကိုသွားရောက်ကြသည့် ဘဝတူအလုပ်သမားများကို အလုပ်မသွားရန် ခြိမ်းခြောက်ဟန့်တားနှောင့်ယှက်ခြင်းများကိုပါ ပြုလုပ်ခဲ့ကြသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိခဲ့ပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ဆက်လုပ်ရန် ဝန်လေးလာကြပြီး စက်ရုံပိတ်သိမ်းခြင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိလာရပါသည်။

## လုပ်ငန်းတော်တော်များများတို့သည်

အကယ်၍သာ ၎င်းတို့ပြောသလို စစ်အာဏာရှင်လက်အောက်မှာ အလုပ်မလုပ်လို၍ ဆိုပါမူ ယခုမြန်မာနိုင်ငံအတွင်း၌ တည်ရှိသည့် လုပ်ငန်းတော်တော်များများတို့ကို မြန်မာနိုင်ငံသားများအနေဖြင့် မြင်ဖူးကြလိမ့်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုပါသော် ယခုမြန်မာနိုင်ငံအတွင်း၌ လည်ပတ်လျက်ရှိသည့် လုပ်ငန်းတော်တော်များများတို့သည် စစ်အုပ်ချုပ်ရေးခေတ်ဟု မဆိုနိုင်သော်လည်း စစ်ခေါင်းဆောင်တို့၏ ကြိုးစားအားထုတ်မှုကြောင့် ရောက်ရှိလာကြသည့် လုပ်ငန်းများ၊ လုပ်ငန်းရှင်များဖြစ်ခြင်းကြောင့်ပင်။

ထို့ထက်ရှင်းအောင်ပြောရလျှင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိကြသည့် ပြည်ပလုပ်ငန်းရှင်များဟူသည် ယခုလူအများက မကောင်းမြင်ဝါဒဖြင့် ကြည့်နေကြသည့် စစ်ခေါင်းဆောင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကြောင့်သာ ရောက်ရှိလာကြခြင်းဖြစ်ပြီး လူအများက အထင်ကြီးလေးစားနေကြသည့် ဒီမိုကရေစီမိခင်ကြီး၏ ကျေးဇူးတစ်စက်မှ မပါဝင်ပေ။ ဆိုတော့ ယခုလို ကျွန်ုပ်တို့တွေ ရင်ဆိုင်ကြုံတွေ့နေကြရသည့် လူမှုဒုက္ခတို့သည် လူအများပြောနေကြသကဲ့သို့ စစ်တပ်အာဏာသိမ်းမှုကြောင့်ဟူသည့် အဖြေသည် မှန်ကန်သောအဖြေမဟုတ်ကြောင်း ထင်ရှားလှပါသည်။ သို့သော် လုံးဝမဆိုင်ဟုတော့ မဆိုလိုပါ။ အဓိကကျသည့် တရားခံမဟုတ်ဘဲ သွယ်ဝိုက်သောနည်းဖြင့်သာ ပတ်သက်ကြောင်း ဆိုလိုပါသည်။ ဤသို့ဆိုလျှင် အဓိကတရားခံမှာ မည်သူနည်း။

ယခုကဲ့သို့တပ်မတော်မှနိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခြင်းမပြုမီ အချိန်ကာလဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရယန္တရားကြီး လည်ပတ်နေစဉ်အခါက ၎င်းတို့အစိုးရအဖွဲ့နှင့် ၎င်းတို့ပါတီ၏ လုပ်ဆောင်ချက် အလွဲအမှားများကို ပေါ်ပေါ်တင်တင်တွေ့မြင်လာခဲ့ရသည်။ ထိုလုပ်ဆောင်ချက် အလွဲအမှားများထဲမှ အချို့တို့သည် တိုင်းပြည်အတွက် အဓိကကျသည့် အချုပ်အခြာအာဏာကို ခြိမ်းခြောက်လာသည့် အချက်တို့ပါ ပါဝင်လာခဲ့သည်။ ထိုအချက်တို့သည် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်လည်း ဖြစ်ပေလိမ့်မည်။

## လူထုထောက်ခံမှုကျဆင်းနေပြီလား

အဆိုပါ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရန်အတွက် ၎င်းတို့အာဏာသက်တမ်းရှည်မှ ဖြစ်မည်။ ထိုသို့ အာဏာသက်တမ်းရှည်ရန်အတွက် ရွေးကောက်ပွဲတွင် မဲရမှဖြစ်မည်။ ၎င်းတို့ဖြတ်သန်းခဲ့ပြီးဖြစ်သည့် ၅ နှစ်သက်တမ်းအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအပိုင်းနှင့် ပတ်သက်၍ မည်မျှအထိ ညံ့ဖျင်းခဲ့သည်ကို ၎င်းတို့ကိုယ်တိုင်သိသည်။ သိသောကြောင့်ပင် ၎င်းတို့အဖွဲ့ကို လူထုထောက်ခံမှု ကျဆင်းနေပြီလားဟူသည့် သံသယစိတ်လွှမ်းကဲနေခဲ့သည်။ ထိုလွှမ်းကဲသော သံသယစိတ်ကြောင့် ၂၀၂၀ ရွေးကောက်ပွဲ၌ ၎င်းတို့အတွက် သေချာသည့် ထောက်ခံဆန္ဒမဲရရှိရန် မဲလိမ်ခြင်း၊ မဲခိုးခြင်း၊ မဲညစ်ခြင်းဖြင့် ရယူခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ တိုင်းပြည်အာဏာကို မတရားသောနည်းလမ်းဖြင့် ရယူရန် ကြိုးစားနေသည်ကို တပ်မတော်အနေဖြင့် အစကတည်းက ရိပ်စားနေမိပြီးဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ၂၀၂၀ ရွေးကောက်ပွဲ မဲရလဒ်ကို တရားဝင်စစ်ဆေးခြင်းများ ဆောင်ရွက်ရန် အကြိမ်ပေါင်းများစွာ တောင်းဆိုခဲ့သည်။ ပြည်သူလူထုကလည်း မှန်ကန်သော မဲရလဒ်ကို သိလိုကြသဖြင့် ၂၀၂၀ မဲရလဒ်ကို စစ်ဆေးပေးရန် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများ ပြုလုပ်ခြင်း၊ မဲရလဒ်များအပေါ် လက်မခံကြောင်း ကန့်ကွက်ဆန္ဒထုတ်ဖော်ခြင်း အစရှိသည်တို့ကို မြန်မာနိုင်ငံအနှံ့အပြား၌ ပြုလုပ်လာခဲ့ကြပါသည်။

တပ်မတော်နှင့်အတူ အမှန်တရားကို မြတ်နိုးသော ပြည်သူအပေါင်းက မည်သို့ပင်ပြုမူတောင်းဆိုခဲ့ကြပါသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သားအားလုံးတို့မှာ နည်းအမျိုးမျိုးဖြင့် ငြင်းဆန်နေခဲ့ပြီး ၎င်းတို့ အစိုးရဖွဲ့ရန် အပြင်းအထန်ပြုမူလာပါတော့သည်။ ထိုကဲ့သို့ အခြေအနေအရပ်ရပ်တို့၌ အကျပ်အတည်းများ၊ တင်းမာမှုများဖြစ်နေစဉ် ကာလအတွင်းမှာပင် ကျွန်ုပ်တို့ အနေဖြင့် "ဒီတစ်ခါ အာဏာအသိမ်းခံရရင် အဓိကတရားခံဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD တွေပဲ"ဟူသည့် သတိပေးမှုများကို စေတနာရှေ့ထားကာ အကြိမ်ကြိမ်အခါခါ ရေးသားပြောဆိုခဲ့ဖူးပါသည်။

စာမျက်နှာ ၉ သို့ ❖

- ❋ **တပ်မတော်အနေဖြင့် စစ်အာဏာသိမ်းခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေအရ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူထားသည်ဟု ဆိုစေကာမူ တိုင်းပြည်၌ ကျွန်ုပ်တို့ စိုးရိမ်မိခဲ့သည့်အတိုင်း အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ လာခဲ့ရသည်မှာတော့ ငြင်းမရပေ။ ထိုသို့ဖြစ်လာခဲ့ရခြင်း၏ အဓိကတရားခံမှာလည်း ကျွန်ုပ်တို့ ကြိုတင်ထောက်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များဖြစ်ကြောင်း ထင်ရှားလှ**
- ❋ **NLD သာ တိုင်းပြည်အပေါ် အမှန်တကယ် သစ္စာရှိပြီး ပြည်သူလူထုအပေါ်ကိုလည်း အစကတည်းက ရိုးသားခဲ့မည်ဆိုပါလျှင် ယခုကဲ့သို့ အခြေအနေဆိုးများ မဖြစ်ပေါ်လာစေရန် ဖြေရှင်းသင့်သည်ကို ဖြေရှင်းပြီး ရင်ဆိုင်သင့်သည်ကို ရင်ဆိုင်ခြင်းဖြင့် ပြည်သူ့မျက်နှာကို လှည့်ကြည့်သင့်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံပါလီမန်များ ညီလာခံနှင့် နိုင်ငံတကာပါလီမန်များညီလာခံ ဆက်စပ်အစည်းအဝေးများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်　မေ　၁၁**

ဘရူနိုင်းဒါရူဆလမ် ဥပဒေပြုကောင်စီက မေ ၂၄ ရက်တွင် ပြုလုပ်မည့် 4th AIPA CODD Meeting ၊ စင်ကာပူပါလီမန်က မေ ၁၆ ရက်တွင် ပြုလုပ်မည့် 12th AIPA Caucus အစည်းအဝေးနှင့် မေ ၂၄ မှ မေ ၂၇ ရက်အထိ ပြုလုပ်မည့် (၁၄၂) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ ညီလာခံ( 142nd Inter–Parliamentary Union Assembly– IPU)နှင့် ဆက်စပ်အစည်းအဝေးများကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် AIPA နှင့် IPU ဆက်စပ်အစည်းအဝေးများသို့သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကဏ္ဍအလိုက် ပါဝင်တက်ရောက်နိုင်ရေးနှင့် အစည်းအဝေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်မည်**

4th AIPA CODD Meeting နှင့် 12th AIPA Caucus များသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားလာသည့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ပြီး IPU နှင့် ဆက်စပ်အစည်းအဝေးများသို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ အမည်စာရင်းကို ပေးပို့ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (AP JG) မျက်နှာစုံညီအစည်းအဝေး ကျင်းပ



**နေပြည်တော်　မေ　၁၁**

အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti–Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်ချက်များအား ဆွေးနွေးခြင်းဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှ–ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(Asia Pacific Group–APG) အတွင်းရေးမှူးအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်၊ တရုတ် (မကာအို)၊ နယူးဇီလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် AP JG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် AP JG အဖွဲ့၏ Co chair ဖြစ်သူ Ms. Connie Chu နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က အဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများအား ဆွေးနွေးပြောကြားရာတွင် ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (DNFBPs)အတွက် ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု လမ်းညွှန်ချက်ထုတ်ပြန်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအား လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေး ဆောင်ရွက်ထားရှိမှု၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာပြစ်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ လူအများအပြားသေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် တိုးတက်ဆောင်ရွက်မှုများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၈ မှ

အဘယ်ကြောင့်ထိုသို့သတိပေးရသနည်းဆိုပါမူ ကျွန်ုပ်တို့အနေဖြင့် တိုင်းပြည် အနာဂတ်အရေးကို ရှေးရှုသောအားဖြင့် စစ်အာဏာသိမ်းမှုကို အလိုမရှိသောကြောင့် ဖြစ်ပါသည်။ ဖြစ်ပေါ်ရင်ဆိုင်ကြုံတွေ့ကြရမည့် အခြေအနေအရပ်ရပ်တို့ကို ကြိုတင်သိမြင်ပြီး စိတ်ပူပန်စိုးရိမ်မိသောကြောင့် ဖြစ်ပါသည်။

ယခုအခါ တပ်မတော်အနေဖြင့် စစ်အာဏာသိမ်းခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေအရ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူထားသည်ဟု ဆိုစေကာမူ တိုင်းပြည်၌ ကျွန်ုပ်တို့ စိုးရိမ်မိခဲ့သည့်အတိုင်း အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်မှာတော့ ငြင်းမရပေ။ ထိုသို့ဖြစ်လာခဲ့ရခြင်း၏ အဓိကတရားခံမှာလည်း ကျွန်ုပ်တို့ကြိုတင်ထောက်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များဖြစ်ကြောင်း ထင်ရှားလှပါသည်။

NLD သာ တိုင်းပြည်အပေါ် အမှန်တကယ်သစ္စာရှိပြီး ပြည်သူလူထုအပေါ်ကိုလည်း အစကတည်းက ရိုးသားခဲ့မည်ဆိုပါလျှင် ယခုကဲ့သို့ အခြေအနေဆိုးများ မဖြစ်ပေါ်လာစေရန် ဖြေရှင်းသင့်သည်ကိုဖြေရှင်းပြီး ရင်ဆိုင်သင့်သည်ကို ရင်ဆိုင်ခြင်းဖြင့် ပြည်သူ့မျက်နှာကို လှည့်ကြည့်သင့်ပါသည်။ ထိုသို့ရင်ဆိုင်ဖြေရှင်းပြီး ၎င်းတို့ ရိုးသားကြောင်း သက်သေပြနိုင်ပါလျှင် ယခုလို အခြေအနေမျိုးကို ကျွန်ုပ်တို့ကြုံတွေ့ရစရာအကြောင်း မရှိပေ။ တပ်မတော်အနေဖြင့်လည်း ယခုကဲ့သို့ အလုပ်ရှုပ်ခံစရာမလိုပေ။

ယခုတော့ အစကတည်းက တိုင်းပြည်အပေါ် မရိုးသား၊ လူထုအပေါ် စေတနာ မမှန်လေသောအခါ အဘယ်သူ့မျက်နှာကိုမျှမထောက် တိုင်းပြည်ငါးပါးမှောက်ချင်မှောက်ဆိုသည့် ပုံစံမျိုးဖြင့် မစားရသည့်အမဲ သဲနဲ့ပက်ဆိုသလို လုပ်သွားတာကြီးကတော့ဖြင့် “လုပ်ရက်လေခြင်း”ဟူ၍သာ မှတ်ယူရင်း တိုင်းပြည်သစ္စာဖောက်တို့ မွေနှောက်ခဲ့သမျှ အရှုပ်ထုပ်များကို တပ်မတော်အနေဖြင့် အကောင်းဆုံးနှင့် အမြန်ဆုံး ရှင်းထုတ်နိုင်ပြီး တိုင်းပြည်ကို စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ထပ်မံတင်ပေးနိုင်ပါစေကြောင်း ဆုတောင်းဆန္ဒပြုလိုက်ရပါသည်။

(၆–၅–၂၀၂၁ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ဓမ္မဘက်တော်သား(အင်ကြင်းမြေ)၏ “အစကတည်းက ရိုးသားခဲ့ရင်” ဆောင်းပါးကို Golden Hand ဂျာနယ်အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။　**စာတည်း)**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ရန်ကုန် - မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၉ ရက် ညနေပိုင်းတွင် သံတွဲ-ဂွ-ငါးသိုင်းချောင်း လမ်း (ဂွ-ငါးသိုင်းချောင်းအပိုင်း) တွင် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၂၀)မှ ရေနံ့သာလမ်းဆုံ သုည ကီလိုမီတာမှ ရခိုင်ပြည်နယ်စပ် ၃၅ ဒသမ ၂၉ ကီလိုမီတာအထိ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အတက်အဆင်း မတ်စောက်သည့် လမ်းကွေ့နေရာတွင် သတ်မှတ်လမ်းအင်္ဂါရပ်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကားကြီးများနှင့် ခရီးသည် Express ကားကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့်နေရာများတွင် Guard Rail များ၊ Guard Post တိုင်များနှင့် လမ်းနယ်သစ်ပင်ကြီးများ စနစ်တကျ စိုက်ပျိုးပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဧရာဝတီတိုင်းဒေသကြီး လမ်းစခန်းရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၂၀)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းကျော်အောင်က လုပ်ငန်းဆောင်ရွက်မှုများ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ်၏ အဓိက ဝင်ပေါက်/ထွက်ပေါက်များဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည် – ပန်းတောင်း – တောင်ကုတ်လမ်းနှင့် ငါးသိုင်းချောင်း – ဂွ – သံတွဲလမ်း သုံးလမ်းရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမှ ရခိုင်ပြည်နယ် ဂွမြို့သို့ ဝင်ရောက်နိုင်သည့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းသည် ကုန်စည်စီးဆင်းမှုတို့တွင် အဓိက အရေးပါသော လမ်းတစ်လမ်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရေကြည်မြို့နယ် ရန်မျိုးအောင်- ရုံးတုံး - အစုကြီး - ရွှေနံ့သာလမ်း အရှည် ၉ မိုင် ၂ ဖာလုံရှိသည့် အနက် ၁ မိုင် ၆ ဖာလုံကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဧရာဝတီတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အရှည်ပေ ၂၀၀ ဆင်ကူးကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားသံမဏိကိုယ်ထည်အောက်ပိုင်းပြင်ဆင်ခြင်း၊ ဆေးမှုတ်ခြင်းနှင့်တံတားအပေါ်ထည် သံပေါင်များဆေးမှုတ်ခြင်းတို့ကို ခေတ်မီ နည်းပညာ၊ စက်ပစ္စည်းများအသုံးပြု၍ ဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရန်ကုန်-ပုသိမ်လမ်း ဧရာဝတီတိုင်းဒေသကြီး ဗိုလ်မြတ်ထွန်းတံတားမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအထိ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေး၊ အသိပေးဆိုင်းဘုတ်များဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန် – နေပြည်တော် – မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း)တွင် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များ ဆောင်ရွက်ထားရှိမှု၊ ယာဉ်အန္တရာယ်လျော့နည်းကင်းရှင်းစေရေး လမ်းလယ်ကျွန်းအား Depressed Median အဖြစ် ပြန်လည်ပြုပြင်နေမှု၊ လမ်းဘေးဝဲ၊ ယာ လေကာပင်များ၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် ( ၃၂/၀ နှင့် ၃၂ /၁) ကြားတွင် အရှည်ပေ ၆၀ ကွန်ကရစ်တံတားကို လက်ရှိ နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဆင့်သို့ တိုးချဲ့တည်ဆောက်မည့်အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းတံတားများအား နှစ်လမ်းသွားတံတားအဆင့်မှ လေးလမ်းသွားတံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်သွားရန် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တိုးချဲ့တည်ဆောက်နေသည့် တံတားများ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ လက်ရှိတံတားများ၏ ကြံ့ခိုင်မှုအပိုင်းကိုလည်း အမြဲမပြတ် စစ်ဆေးပေးရန်လိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၉/၂ နှင့် ၃၉/၃) ကြား အရှည်ပေ ၄၀ Under Pass ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၂ နှင့် ၄၅/၃) ကြားတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၀) မှ ကြတ်ချောင်းလက်တက်တံတား အဆင့်မြှင့်တည်ဆောက်နေမှုအခြေအနေတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၇၅/၇ နှင့် ၇၆/၀) ကြားရှိ အရှည်ပေ ၄၅၀ ကျန်ကျောင်းတံတား (အသွားလမ်း) တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းသည် ရန်ကုန်မှ မန္တလေးအထိ (၃၆၆/၃) မိုင်ရှည်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကွန်ကရစ်လမ်းအဆင့်မှ ကတ္တရာကွန်ကရစ်(AC)လမ်း အဆင့်ထိ အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များ၊ သတိပေး၊ အသိပေး၊ လမ်းညွှန်ဆိုင်းဘုတ်များ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တံတားဦးစီးဌာန တံတားအထူးအဖွဲ့များနှင့် တံတားပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့များက ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်း (အသွား/အပြန်) လမ်းပေါ်ရှိ နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင် ပြေမည်ဖြစ်ပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း နှစ်စဉ်လျော့နည်း သက်သာလာလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လမ်းစခန်းရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန၊ အမြန်လမ်းတံတားများ တိုးချဲ့ရေးကြီးကြပ်မှုအဖွဲ့နှင့် လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့တို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန်မှ နေပြည်တော်နှင့် မန္တလေးသို့ အချိန်တိုအတွင်း အလွယ်တကူအပြန်အလှန် ဆက်သွယ်သွားလာနိုင်သည့် အရေးပါသော နိုင်ငံ့လမ်းမကြီးတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတကာ စံနှုန်းနှင့်အညီ ကွန်ကရစ်လမ်းမှ (AC)လမ်း အဆင့်မြှင့်တင်ခြင်းနှင့် ယခုအခါ တံတားများကိုလည်း နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေပါကြောင်း၊ ယခုကဲ့သို့ လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာလျက်ရှိပါကြောင်း၊ လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ လမ်းနယ်တိုင်များ စနစ်တကျ စိုက်ထူရေး၊ လမ်းဘေးရေနုတ်မြောင်းများ ဆောင်ရွက်ရေး၊ ရဲနွယ်မှ ဖြူးအကြားတွင် လမ်းဘေးနှင့် လမ်းနယ်သစ်ပင်များ ထပ်မံစိုက်ပျိုးပေးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ် (၂)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စအဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာအိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသားရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**
**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက်က ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးရုံး အေးချမ်းသာယာခန်းမ၌ ပြုလုပ်ရာ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူတစ်ဦးအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

# အမှန်အမှား ခွဲခြားဆင်ခြင် ဂုဏ်ယူနိုင်ကြပါစေ

ငြိမ်းချမ်းမောင်

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်၊ ပျူခေတ်နောက်ဆုံးကာလက စျေးရောင်းချသည့် ပြည်သူတစ်ယောက် လေပွေတိုက်၍ “ငါ့ စကော . . . ငါ့ စကော . . .” ဟု မြို့ရွာအတွင်း လိုက်လံအော်ဟစ်ခဲ့သည်။ ထိုသတင်းစကားတစ်ခုကို အကြောင်းပြုကာ တစ်မြို့လုံး၊ တစ်ပြည်လုံး ကောလာဟလသတင်းမှား ပျံ့နှံ့ခဲ့သည့်အဖြစ်အပျက်ကို ကြားဖူးကြမည်ဖြစ်သည်။ လေတိုက်ပြီး ဆန်ကောလွင့်ပါသွားသည်ကို ငါ့စကော၊ ငါ့စကော အော်ဟစ်ခဲ့ရာမှ “ငါ့စကောတပ်ကြီး” ချီလာပြီ ထင်ပြီး မြို့သူမြို့သားများ မြို့ကိုစွန့်ခွာ ထွက်ပြေးကြရာမှ သရေခေတ္တရာပြည်ကြီးလည်း ပျက်သုဉ်းသွားခဲ့သည်။

**လူမှုရေးကောလာဟလ၊ စီးပွားရေးကောလာဟလ၊ နိုင်ငံရေးကောလာဟလများ အလျှိုအလျှို ဖန်တီးလာကြသည်။ ငွေစက္ကူတွေ ဖျက်သိမ်းတော့မည်။ ဘဏ်တွေ ပြိုလဲတော့မည်။ စက်သုံးဆီတွေ၊ စားနပ်ရိက္ခာတွေ ပြတ်လပ်တော့မည်။ လေယာဉ်တင်သင်္ဘောကြီး ရောက်လာတော့မည်။ R 2 P ဝင်တော့မည်။ ကုလသမဂ္ဂတပ်တွေ ရောက်လာတော့မည်။ တိုင်းရင်းသားတပ်တွေ ဝင်နေပြီ။ ဖက်ဒရယ်တပ်မတော်ကြီး ရောက်လာတော့မည်။ တပ်မတော်စခန်းများကို သိမ်းပိုက်လိုက်ပြီ။ တပ်တွင်းပုန်ကန်မှုတွေ ဖြစ်နေပြီ။ တပ်မတော်ခေါင်းဆောင်တွေ ထွက်ပြေးပုန်းအောင်းနေပြီ။ နေပြည်တော်ကို သိမ်းပိုက်လိုက်ပြီ။ ပြည်သူ့ကာကွယ်ရေးတပ်တွေ မြို့များအားလုံးတွင် ဖွဲ့စည်းလိုက်ပြီ။ တပ်မတော်က ညှိနှိုင်းနေရပြီ။ ဝန်ထမ်းတွေကို ဖမ်းဆီးနေပြီ စသည်ဖြင့် မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများကို နေ့စဉ်မပြတ် တစ်မျိုးပြီးတစ်မျိုး မရိုးအောင် ဖြန့်ဝေ။**

ကောလာဟလသတင်းစကားနှင့်စပ်လျဉ်း၍ ဇာတ်တော်ထဲမှ ယုန်တစ်ကောင်၏ ပုံပြင်တစ်ပုဒ်ကိုလည်း မှတ်သားဖူးသည်။ ယုန်လေးတစ်ကောင်သည် ဥသျှစ်ပင်တစ်ပင်အောက်ရှိ ထန်းရွက်ခြောက်အောက်၌ အိပ်စက်နေစဉ် အတွေးတစ်ခုဝင်လာသည်။ “အခုနေများ ကမ္ဘာမြေကြီးပြိုကျရင် ငါဘယ်လိုလုပ်ရမလဲ” ဟု တွေးတောပူပန်ကာ ကြောက်စိတ်ဝင်လာသည်။ ထိုကြောက်စိတ်နှင့်ပင် ထန်းရွက်အောက်တွင် မှေးစက်နေစဉ် ရုတ်တရက် ၎င်းအိပ်နေသော ထန်းရွက်ခြောက်ပေါ်သို့ ဥသျှစ်သီးတစ်လုံး ကြွေကျခဲ့သည်။ အသိဉာဏ်နည်းသည့် ယုန်သူငယ်သည် ရုတ်တရက် ဥသျှစ်သီးကြွေကျသံကို အမှန်တကယ်မြေပြိုပြီဟု ထင်မှတ်ပြီး ခြေဦးတည့်ရာ ထွက်ပြေးတော့သည်။ “မြေပြိုပြီ . . မြေပြိုပြီ . . လွတ်အောင်ပြေးကြ . . လွတ်အောင်ပြေးကြ”ဟု လမ်းတစ်လျှောက်၌ အော်ရင်း မရပ်မနား ပြေးနေခဲ့သည်။

### သတ္တဝါအားလုံးချမ်းသာ

ယုန်သူငယ် အော်ပြေးနေသည်ကို မြင်ကြ၊ ကြားကြသော သတ္တဝါများလည်း ယုန်သူငယ်စကားကို ယုံမှတ်ပြီး ဘုမသိ ဘမသိဖြင့် ယုန်သူငယ်နောက်မှ ကြောက်အားလန့်အား လိုက်ပြေးကြသည်။ တစ်ကောင်မှ ဆယ်ကောင်၊ ဆယ်ကောင်မှ အကောင်တစ်ရာ၊ အကောင်တစ်ရာမှ အကောင်တစ်ထောင် တစ်သောင်း တိရစ္ဆာန်သတ္တဝါအားလုံး ထွက်ပြေးကြရာ တစ်တောလုံးဆူညံ ပွဲတင်သံများဖြင့် မြည်ဟည်းနေတော့သည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့သော ခြင်္သေ့မင်းက “သတ္တဝါတွေ ဒီအတိုင်းသာ ဆက်ပြေးနေကြပါက နောက်ဆုံးတွင် အမောဆို့ပြီး သေဆုံးသွားနိုင်တယ်” ဟု ဆင်ခြင်မိပြီး သတ္တဝါအားလုံးကို ကျော်တက်ကာ ရှေ့မှရပ်တန့်လိုက်ပြီး တစ်တောလုံး မြည်ဟည်းသွားအောင် ဟိန်းဟောက်လိုက်သည်။ ခြင်္သေ့မင်း၏ ကြီးမားသောအသံကို သတ္တဝါအားလုံးကြားလိုက်သောအခါ ပြေးနေရာမှ ချက်ချင်းရပ်တန့်လိုက်ကြသည်။ ထိုအခါ ခြင်္သေ့မင်းက ဖြစ်ကြောင်းကုန်စင်မေးသောအခါ မည်သူမျှ အဖြေမှန်မဖြေနိုင်ဘဲ နောက်ဆုံးတွင် ယုန်သူငယ်အိပ်ခဲ့သည့် ဥသျှစ်ပင်အောက်မှ ဥသျှစ်သီးကိုတွေ့မှ အဖြေမှန်ရပြီး သတ္တဝါအားလုံး ချမ်းသာရာရတော့သည်။ အလားတူပင် ရှေးက ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ခဲ့ရသည့် အဖြစ်များလည်း ရှိသေးသည်။

မြန်မာနိုင်ငံကြီး သူ့ကျွန်ဘဝသို့ နောက်ဆုံးကျရောက်စဉ် သီပေါမင်းပါတော်မူစဉ်ကာလက မင်းသားတစ်ပါးပါးကို နန်းတင်ပေးမည့် ကောလာဟလကို ယုံစားပြီး သူ့ကျွန်ဘဝသို့ လုံးဝကျရောက်ခဲ့သည်။ ယနေ့အချိန်အခါတွင်လည်း ကောလာဟလစကားတစ်ခွန်းကြောင့် အနည်းဆုံး အထိတ်တလန့်ဖြစ်ကြ၊ အများဆုံး ပျက်စီးဆုံးရှုံးဖြစ်ကြသည့် အဖြစ်များစွာရှိသည်။ မကြာသေးမီက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကောလာဟလအမျိုးမျိုး ထွက်ခဲ့ဖူးသည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီက ရပ်ရွာအတွင်းမှ ကလေးသူငယ်များအား ဖမ်းဆီးရောင်းချခြင်းများရှိသည်ဟု ကောလာဟလသတင်းများပေါ်ထွက်ခဲ့ရာ သံသယရှိသူ အပြစ်မဲ့ပြည်သူအချို့ကို ဖမ်းဆီးရိုက်နှက်၊ သတ်ဖြတ်သည်အထိ ဖြစ်ပေါ်ခဲ့သည်။ ကပ်ရောဂါနှင့် ထိုကဲ့သို့အဖြစ်များကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်ကြပြီး ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

### တစ်မျိုးပြီးတစ်မျိုးမရိုး

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာတိုင်း ကောလာဟလသတင်းများ တစ်မျိုးမဟုတ်တစ်မျိုး မရိုးနိုင်အောင် ပေါ်ထွက်လာတတ်သည်။ တိုင်းပြည်တွင် အပြောင်းအလဲဖြစ်ပေါ်လာသည့်အခါ၌ ပြည်သူများအကြား စိတ်လှုပ်ရှားမှုမြင့်တက်နေသောအချိန်၌ မမှန်သတင်းများ၊ ကောလာဟလသတင်းများကို အသုံးချ၍ ကိုယ်ကျိုးရှာသည့် မသမာသူများ၊ အဖျက်သမားများ၊ နိုင်ငံရေးအချောင်သမားများ ပေါ်ထွက်လာစမြဲ ဖြစ်သည်။

**လူမှုရေးကောလာဟလ၊ စီးပွားရေးကောလာဟလ၊ နိုင်ငံရေးကောလာဟလများ အလျှိုအလျှို ဖန်တီးလာကြသည်။ ငွေစက္ကူတွေ ဖျက်သိမ်းတော့မည်။ ဘဏ်တွေ ပြိုလဲတော့မည်။ စက်သုံးဆီတွေ၊ စားနပ်ရိက္ခာတွေ ပြတ်လပ်တော့မည်။ လေယာဉ်တင်သင်္ဘောကြီး ရောက်လာတော့မည်။ R2P ဝင်တော့မည်။ ကုလသမဂ္ဂတပ်တွေ ရောက်လာတော့မည်။ တိုင်းရင်းသားတပ်တွေ ဝင်နေပြီ။ ဖက်ဒရယ်တပ်မတော်ကြီး ရောက်လာတော့မည်။ တပ်မတော်စခန်းများကို သိမ်းပိုက်လိုက်ပြီ။ တပ်တွင်းပုန်ကန်မှုတွေဖြစ်နေပြီ။ တပ်မတော်ခေါင်းဆောင်တွေ ထွက်ပြေးပုန်းအောင်းနေပြီ။ နေပြည်တော်ကို သိမ်းပိုက်လိုက်ပြီ။ ပြည်သူ့ကာကွယ်ရေးတပ်တွေ မြို့များအားလုံးတွင် ဖွဲ့စည်းလိုက်ပြီ။ တပ်မတော်က ညှိနှိုင်းနေရပြီ။ ဝန်ထမ်းတွေကို ဖမ်းဆီးနေပြီ စသည်ဖြင့် မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများကို နေ့စဉ်မပြတ် တစ်မျိုးပြီးတစ်မျိုး မရိုးအောင် ဖြန့်ဝေနေသည်။**

### အသုံးချ လက်သုံးစကား

မမှန်မကန်သတင်းများ၊ ကောလာဟလသတင်းများကြောင့် အေးချမ်းစွာ နေထိုင်လိုကြသော ပြည်သူများ အထိတ်တလန့်ဖြစ်ကြရသည်။ အစိုးရကို မကျေနပ်သူများ၊ စိတ်ခံစားလွယ်သူများက ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ မြန်မာပြည်သူ ပြည်သားများသည် ကောလာဟလသတင်းစကားများကို အယုံလွယ်သည်မှာ သမိုင်းကြောင်းရှည်ကြာခဲ့ပြီဖြစ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တစ်စုံတစ်ယောက်က အစပြုပေးလိုက်သည့် မမှန်သတင်း၊ ထင်မြင်ယူဆချက်တစ်ခုသည် တစ်ယောက်မှအစ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး ပျံ့နှံ့လွယ်လှသည်။

ကောလာဟလဟူသည်မှာ ကောင်းခြင်း၊ မကောင်းခြင်းနှစ်မျိုးရှိရာ မကောင်းသည့်ဘက်ကသာ တွင်တွင်ဖြစ်ပေါ်နေသည်။ ကောလာဟလကို ဇနပ္ပဝါဒ၊ ဇနသုတိဟု ပါဠိ၌ ဖွင့်ဆိုထားရာ ရွာသူတို့၏ ဓလေ့စကား၊ ရွာသူတို့၏ အသိဟူ၍ သာမန်မျှသာ အဓိပ္ပာယ်ဖော်ထားသည်။ ယခုဖြစ်ပျက်နေသော ကောလာဟလများမှာ ရွာသူတို့၏ ဘာသာဘာဝ ပြောသည့်အဆင့်စကား မဟုတ်တော့ပေ။ ပညာတတ်အချို့၊ နိုင်ငံရေးသမားအချို့၊ တိုင်းတစ်ပါးလက်ပါးစေအချို့၊ နိုင်ငံသားသစ္စာဖောက်အချို့၏ တွင်တွင်ကျယ်ကျယ် ပက်ပက်စက်စက် လက်သုံးစကား၊ အသုံးချပစ္စည်း ဖြစ်လာသည်။

ထိုသို့ တိုင်းပြည်ကို ပျက်စီးစေလိုသော ယုတ်မာသောရည်ရွယ်ချက်ဖြင့် သတင်းလိမ်၊ သတင်းမှား၊ ကောလာဟလစကားများကို လူမှုကွန်ရက်စာမျက်နှာများမှ လျင်လျင်မြန်မြန် ဖြန့်ဝေလျက်ရှိသည်။ မြန်မာတို့၏ လူမှုဘဝတွင် အရင်ဦးသူပြောစကားက မှန်စတမ်းဆိုသည့် အဆင်အခြင်နည်းသောအတွေးသည် ယုန်သူငယ်စိတ်ကူးပမာ ဖြစ်နေသည်။ သေနတ်အစစ်ဖြင့် တစ်ချက်ပစ်ခတ်လျှင် လူတစ်ယောက်သာ ထိမှန်နိုင်သော်လည်း ပါးစပ်သေနတ်ဖြင့် ပစ်ခတ်၍ လူပေါင်း အယောက်တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းမက ထိမှန်ပျက်စီးစေနိုင်သဖြင့် ပါးစပ်သေနတ် ကောလာဟလကျည်ဆန်ပစ်ခတ်ခြင်းကို အသိဉာဏ်ကျည်ကာဖြင့် ကာကွယ်နိုင်ရမည်ဖြစ်သည်။

နိုင်ငံရေးအစွန်းရောက်များ၊ ဆင်ခြင်တုံတရားနည်းသူများက တိုင်းပြည်ပျက်စီးစေရန်အတွက် မမှန်သတင်းများဖြင့် လုပ်ကြံဖျက်ဆီးရာတွင် အဓိကတွန်းအားပေးနေသူများမှာ ပြည်တွင်းနှင့် ပြည်ပအခြေစိုက် မြန်မာသတင်းဌာနများဖြစ်သည်။ မဖြစ်နိုင်သည်များကို နှပ်ကြောင်းပေးခြင်း၊ နည်းနည်းကို ပြဲပြဲ၊ တစ်စိတ်ကို တစ်အိတ်၊ မဟုတ်ကို အဟုတ်လုပ်ကာ လျှောမွေးကို ဗာရာဏသီချဲ့ကြသည်။

### ဘဝပျက်ခဲ့ရသူများ

ကောလာဟလသတင်းများကို ယုံစားမှုကြောင့် တိုင်းပြည်ပျက်စီးစေခြင်း လမ်းစဉ်လော၊ တိုင်းပြည်ကယ်တင်ရေးလမ်းစဉ်လောဟု ခွဲခြားနိုင်စွမ်းပင် မရှိတော့ချေ။ တစ်စုံတစ်ရာဖြစ်သည့် ကောလာဟလသတင်းကိုကြားသည်နှင့် ငိုချင်ရက်လက်တို့၊ အညှီရှိရာ ယင်အုံဆိုသလို ဖြစ်နေကြသည်။ အုပ်စုဖွဲ့၊ သင်းဖွဲ့၊ ဂိုဏ်းဖွဲ့ကြသည်။ ထပ်မံပွားကြသည်။ ထပ်ဆင့်လှုံ့ဆော်ကြသည်။ အမှန်တကယ်တွင် ချစ်ခြင်း၊ မုန်းခြင်းကြောင့် ကောလာဟလကို ယုံစားကြသည်။

ကောလာဟလကို ယုံစားသောကြောင့် စည်းလုံးမှုပျက်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော မမှန်သတင်း ကောလာဟလဖြစ်စဉ်များအရ ပြည်သူများ အကျိုးစီးပွား မဖြစ်ထွန်းဘဲ အကျိုးပျက်စီးခြင်းသာ ဖြစ်စေခဲ့သည်။ တစ်ဆင့်စကား တစ်ဆင့်ကြားရသည့် ကောလာဟလသတင်းစကားကြောင့် ဘဝပျက်ခဲ့ရသူ၊ ဘဝမဲ့ခဲ့ရသူအမြောက်အမြားရှိသည်။

မိမိတို့၏ အကျိုးစီးပွား၊ တိုင်းပြည်၏ အကျိုးစီးပွားမပျက်စီးစေရန်၊ ဖြစ်ထွန်းစေရန်အတွက် ကောလာဟလမမှန်သတင်းလား၊ အမှန်သတင်းလားကို ပြည်သူများအနေဖြင့် ဆင်ခြင်နိုင်ကြစေရန် မေတ္တာရပ်ခံအပ်ပါသည်။

မမှန်သတင်းများကို ယုံစားသည့် လူအ၊ လူညံ့များ မဖြစ်စေလိုရင်း စေတနာဖြစ်ပါသည်။ ကမ္ဘာနှင့် ယှဉ်ကြည့်လျှင် ကိုယ့်လူမျိုးတွေ အယုံလွယ်သည်။ အသိဉာဏ်နည်းသည်။ ညံ့နေသည်။ ရိုင်းနေသည်ဟု အထင်ခံရသည်ကို ရှက်တတ်ဖို့လိုပါသည်။ ယနေ့အချိန်အခါတွင် ကောလာဟလထုတ်လွှင့်သမျှကို ကိုယ်ပိုင်စဉ်းစားဉာဏ်မသုံးဘဲ ယုံစားလိုက်ပါနေကြသည်မှာ မိမိတွင် ပင်ကိုအရည်အချင်းမရှိသလို ဖြစ်နေပါသည်။ အမှန်နှင့် အမှားခွဲခြားဆင်ခြင်တတ်ခြင်းဖြင့် ဂုဏ်ယူနိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

**တိုင်းပြည်ကို ပျက်စီးစေလိုသော ယုတ်မာသောရည်ရွယ်ချက်ဖြင့် သတင်းလိမ်၊ သတင်းမှား၊ ကောလာဟလစကားများကို လူမှုကွန်ရက်စာမျက်နှာများမှ လျင်လျင်မြန်မြန် ဖြန့်ဝေလျက်ရှိသည်။ မြန်မာတို့၏ လူမှုဘဝတွင် အရင်ဦးသူပြောစကားက မှန်စတမ်းဆိုသည့် အဆင်အခြင်နည်းသောအတွေးသည် ယုန်သူငယ်စိတ်ကူးပမာဖြစ်နေသည်။ သေနတ်အစစ်ဖြင့် တစ်ချက်ပစ်ခတ်လျှင် လူတစ်ယောက်သာ ထိမှန်နိုင်သော်လည်း ပါးစပ်သေနတ်ဖြင့်ပစ်ခတ်၍ လူပေါင်းအယောက်တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းမက ထိမှန်ပျက်စီးစေနိုင်သဖြင့် ပါးစပ်သေနတ် ကောလာဟလကျည်ဆန်ပစ်ခတ်ခြင်းကို အသိဉာဏ်ကျည်ကာဖြင့် ကာကွယ်နိုင်ရမည်ဖြစ်။**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၂ ဒသမ ၉၉ သန်းကျော်ရှိလာ

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၉၉၄၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၉၉၂၅၁၇ ဦး အထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၇၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၉၉၉၂ ဦးအထိရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၃၇၁၅၂၂၁ ဦး ရှိနေဆဲဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၉၀၂၇၃၀၄ ဦးအထိရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၇၂ သန်းကျော် သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အသက် ၁၈ နှစ်အထက် အသက်အရွယ်ရှိသူများအား ကာကွယ်ဆေးထိုးနှံမှုကို မေ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ လူဦးရေ ၁၈၅၀၁၁၀ အား စမ်းသပ်စစ်ဆေးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ ၃၀၅ သန်းကျော်ရှိလာကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီက နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အီရန်နိုင်ငံ၌ ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု စတင်

**တီဟီရန် မေ ၁၁**

အီရန်နိုင်ငံသည် COV-Iran Barekat ဟု အမည်ပေးထားသည့် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြား ထုတ်လုပ်မှုကို ယနေ့တွင် စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တက်စနင် သတင်းအေဂျင်စီက ဖော်ပြ ထားသည်။

အီရန်ဆေးဘက်အာဏာပိုင်များသည် ၎င်း၏ ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မေ ၂၁ ရက်မတိုင်မီ အလုံးရေ တစ်သန်းခန့် ထုတ်လုပ်ပြီး ဇွန်လမတိုင်မီ ကာကွယ်ဆေး အလုံးရေသန်း ၁၀ ခန့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ထားကြောင်း ဘာရယ်ကတ် ပရဟိတ ဖောင်ဒေးရှင်း၏ ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူး ဟော့ဂျ်ဂျတ်နီ ကီမာလယ်ကီက ပြောကြားသည်။ ဘာရယ်ကတ် ပရဟိတ ဖောင်ဒေးရှင်းသည် COV- Iran Bareket ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြား ထုတ်လုပ်လျက်ရှိရာဌာနဖြစ်သည်။




အီရန်အစိုးရသည် ၎င်း၏ ပြည်တွင်းဖြစ် COV-Iran Barekat ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အဆင့်သုံးဆင့်ဖြင့် လက်တွေ့စမ်း သပ်ခဲ့ပြီး နောက်ဆုံးအကြိမ် လက်တွေ့ စမ်းသပ်မှုကို တာဟီရန်၊ ဘူရှာ၊ ရှီရာ့ဇ်၊ ကာရပ်ဂျ်၊ မာ့ရှ်ဟက်နှင့် အစ္စဖာဟန် အစရှိသည့်မြို့များ၌ ပြုလုပ်ခဲ့ပြီး လူဦးရေ ၂၀၀၀၀ ခန့်တွင် လက်တွေ့ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၆ သန်းကျော်ရှိပြီး ၎င်းတို့အနက် ၇၅၀၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၇ သန်းကျော် ရှိလာ

**ဂျကာတာ မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၂၁ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၇၂၃၅၉၆ ဦးအထိ ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄၇ ဦး ထပ်မံသေဆုံးခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၄၇၄၆၅ ဦး အထိရှိလာကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန် ကြီးဌာန၏ ပြောကြားချက်အရ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၅၉၂ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ် - ၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၅၈၀၂၀၇ ဦးအထိ ရှိလာကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးတွင် ကူးစက်ပျံ့နှံ့လျက်ရှိပြီး အထူးသဖြင့် လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၇၃ ဦး၊ အလယ်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၀၊ ဂျကာတာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၆ ဦးနှင့် အရှေ့ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၇ ဦး အသီးသီး ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

**ဖနောင်ပင် မေ ၁၁**

ကမ္ဘောဒီယားနိုင်ငံက တရုတ်နိုင်ငံထံမှ ဝယ်ယူထားသည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအသုတ်သည် ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖနောင်ပင်သို့ ရောက်ရှိလာကြောင်း သိရသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိလာခြင်းသည် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၏ နောက်ထပ်သက်သေသာဓကတစ်ခုဖြစ်ကြောင်း ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်ခံရယူစဉ် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ယော့ဆမ်ဘက်က သတင်းထောက်များအား ပြောကြားသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့သည် အလွန်ဘေးကင်းလုံခြုံပြီး အစွမ်းထက် ထိရောက်မှုရှိကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ အချိန်နှင့်တစ်ပြေးညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးသည့်အတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ဆမ်ဘက်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နိုင်ငံလူဦးရေ ၁၆ သန်းအနက် ၁ ဒသမ ၈၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီး ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၀ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၀၂၂၃ ဦးအထိ ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တန်းတူညီမျှရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ အဆုံးသတ်ရေးအတွက် တစ်ဦးနှင့်တစ်ဦးအကြား ယှဉ်ပြိုင်ပြီး ထိပ်တိုက်ရင်ဆိုင်နေရမည့်အစား ပူးပေါင်းဆောင်ရွက်မှုသာလျှင် တစ်ခုတည်းသောရွေးချယ်စရာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အာဒါနွမ်က ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှု ကွာဟချက်နှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှု ကွာဟချက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆုံးသတ်ရေးအတွက် အကြီးမားဆုံး အန္တရာယ်တစ်ခုပင်ဖြစ်ကြောင်း တီဒရော့စ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။




ကမ္ဘာ့လူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်ရှိသော ဝင်ငွေအလယ်အလတ်ရှိနိုင်ငံများနှင့် ဝင်ငွေမြင့်သော ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ၈၃ ရာခိုင်နှုန်းခန့် လက်ခံရရှိခဲ့ပြီး ကမ္ဘာ့လူဦးရေ၏ ၄၇ ရာခိုင်နှုန်းနှင့် ညီမျှသော ဝင်ငွေအလယ်အလတ်ရှိ ကမ္ဘာ့နိုင်ငံများနှင့် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ၁၇ ရာခိုင်နှုန်းမျှသာ လက်ခံရရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ကိုဗစ်-၁၉ ရောဂါ အဆုံးသတ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသာလျှင် တစ်ခုတည်းသောရွေးချယ်စရာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တီဒရော့စ်က တစ်ဦးနှင့် တစ်ဦးအကြား ယှဉ်ပြိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို အနိုင်ယူနိုင်မည် မဟုတ်ကြောင်း၊ အကယ်၍ တစ်ဦးနှင့် တစ်ဦးအကြား ပထဝီနိုင်ငံရေးအကျိုးအမြတ်အတွက် ယှဉ်ပြိုင်နေပါက ဗိုင်းရပ်စ်က ကူးစက်ပျံ့နှံ့ရန် အခွင့်အရေးရရှိသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဗိုင်းရပ်စ်ပိုးကို ဘုံရန်သူအဖြစ် သတ်မှတ်ခြင်းသည် ကိုဗစ်-၁၉ ရောဂါ အဆုံးသတ်ရေးအတွက် အခြေခံကျသည့်နိယာမတစ်ခုဖြစ်ကြောင်း အလေးအနက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တရုတ်နိုင်ငံပိုင် Sinopharm ဆေးဝါးကုမ္ပဏီထုတ် BBIBP-CorV ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် မေ ၇ ရက်က အတည်ပြုလိုက်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းတည်ထောင်ထားသည့် COVAX အစီအစဉ်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ သန်းခန့် ပံ့ပိုးပေးရန် ဆုံးဖြတ်ထားပြီး တရုတ်အနေဖြင့် COVAX အစီအစဉ်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပံ့ပိုးပေးခြင်းအားဖြင့် အထူးသဖြင့် ဝင်ငွေ အလယ်အလတ်ရှိ နိုင်ငံများနှင့် ဝင်ငွေနည်းပါးသောကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်သွားသည့် အမေရိကတိုက်နှင့် ဥရောပတိုက်အပါအဝင် ကမ္ဘာ့ဒေသအများစုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခဲ့သော်လည်း ကမ္ဘာကြီးတစ်ခုလုံးတွင် ပြီးခဲ့သည့်သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၄ သန်းကျော်နှင့် ထိုရောဂါဖြင့် သေဆုံးသူ ၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အီရန်နိုင်ငံ၌ သူနာပြုတစ်သိန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး သူနာပြု ၁၂၀ ကျော်သေဆုံး

**တီဟီရန် မေ ၁၁**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှစတင်ကာ နိုင်ငံအတွင်း၌ သူနာပြုတစ်သိန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး အဆိုပါသူနာပြုတစ်သိန်းအနက်မှ ၁၂၀ ကျော်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံ၏ သူနာပြုအဖွဲ့အစည်းက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ သူနာပြုအများအပြား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသည့် သူနာပြုများသည်လည်း ပြန်လည်ကျန်းမာပြီးမကြာမီမှာပင် ၎င်းတို့၏ တာဝန်များကို ပြန်လည်ထမ်းဆောင်ခဲ့ရကြောင်း အီရန်နိုင်ငံ သူနာပြုအဖွဲ့အစည်းအကြီးအကဲ မိုဟာမက်မီယာဇာဘီဂီ၏ ပြောကြားချက်ကိုကိုးကား၍ နိုင်ငံပိုင် အိုင်အာရ်အင်န်အေ သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်အတွင်းက သူနာပြုအလုပ်အကိုင်အတွက် ၅၃၀၀၀ ခန့်အပ်ရန် လိုအပ်ခဲ့သော်လည်း သူနာပြုအရေအတွက် ၃၀၀၀ သာလျှင် ခန့်အပ်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံ သူနာပြုအဖွဲ့အစည်းအကြီးအကဲ မိုဟာမက်မီယာဇာဘီဂီက ပြောကြားခဲ့သည်။

ထို့ကြောင့် နိုင်ငံအတွင်းရှိ သူနာပြုများအား ကာကွယ်ဆေးထိုးနှံမှုကို အမြန်ဆုံးပြီးမြောက်အောင် ချက်ချင်းဆောင်ရွက်နိုင်ရေး ကျန်းမာရေးအာဏာပိုင်များအား မိုဟာမက်မီယာဇာဘီဂီက တိုက်တွန်းခဲ့ကြောင်းလည်း သိရသည်။

အီရန်နိုင်ငံသည် COV-Iran Bareket အမည်ရှိ အီရန်နိုင်ငံပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများအပြားထုတ်လုပ်မှုကို မေ ၁၁ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅ ဒသမ ဝ၄ သန်းကျော်ရှိလာ

**အန်ကာရာ မေ ၁၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၆၀၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၀၄၄၉၃၆ ဦးအထိရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။



ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၂ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၃၁၁ ဦးအထိရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၆၉၅၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၇၄၃၈၇၁ ဦးအထိရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ပြည်သူ ၂၁၃၈၆၃ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ ၄၉၆၀၄၀၀၄ ဦးအထိရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံသည် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ရာ လက်ရှိတွင် ပြည်သူ ၁၄၆၄၈၀၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၅၉၇၁၃၉၃၀ ဦး

သေဆုံးသူ
၃၃၂၀၁၀၄ ဦး

ပြန်လည်ကျန်းမာလာသူ
၁၃၇၄၂၈၄၇၈ ဦး

# မိုးကောင်းမြို့နယ်၌ သောက်သုံးရေပေးဝေမှုများ ဆောင်ရွက်



**နေပြည်တော် မေ ၁၁**
ကချင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေများ လိုအပ်လျက်ရှိသော သာသနိက ကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်းရာတွင် ယမန်နေ့ နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ် ဆားမော်နယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ကြပ်ကြီး ဇော်ဝင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ ခါနန်ရပ်ကွက်ရှိ နေအိမ်များသို့ သောက်သုံးရေ ဂါလန် ၈၀၀ ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၇ စီး၊ သွင်းကုန် ၁၄၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၃၈ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်ထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဘေထုပ် (45 Kgs) Lipolitan (131 Pkgs)၊ ဆိုင်ကယ်ရှေ့ မီးခွက်အထိုင် 5 U၊ ဆိုင်ကယ် Handle Cover 10 U၊ ဆိုင်ကယ် မီးသီးဆံ 30 U နှင့် ဆိုင်ကယ်ရှေ့မီးအုပ် 10 U အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ထားဝယ်မြို့၌ ဆူပူအကြမ်းဖက်မှုအား လူစုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဆူပူအကြမ်းဖက်မှုအား လူစုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက်၌ အိုးလုပ်ရပ်ကွက်နေ ကောင်းမြတ်ကျော် (ခ)ကောင်းမြတ် (၂၅)နှစ် (ဘ) ဦးစောကကျော် ဦးဆောင်၍ အင်အား ၁၀၀ ခန့်သည် ဆူပူအကြမ်းဖက်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ဥပဒေနှင့်အညီ ဖြေလျှော့ခဲ့သော်လည်း အဆိုပါအကြမ်းဖက်သူများက ဆက်လက်ဆန္ဒပြနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် လူစုခွဲသွားခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ ကောင်းမြတ်ကျော် (ခ) ကောင်းမြတ်ပါ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦးတို့ကို မီးပုလင်း ငါးလုံး၊ Hand Speaker သုံးခု၊ ဘောလုံးပြောက်အိုး ၁၄ လုံး၊ လေးခွ တစ်လက်၊ သံမူလီခေါင်း ကိုးလုံး၊ သံဆူးချွန်ဆိုဒ်စုံ ၅၄ ခု၊ ဖန်ဂေါ်လီ ၂၅ လုံး၊ အလံမျိုးစုံ လေးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအနက် ကျောက်မော်ရပ်ကွက်နေ နိုင်လင်းဦး (၂၃)နှစ် (ဘ) ဦးစောဦးပါ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာအနည်းငယ် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂဏန်းကျွန်းအနီး ကျောက်ချရပ်နားထားသည့် ငါးဖမ်းစက်လှေ မီးလောင်မှုဖြစ်ပွား

**ကျွန်းစု မေ ၁၁**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ဂဏန်းကျွန်းအနီး၌ ယမန်နေ့ ည ၉ နာရီ မိနစ် ၂၀ ခန့်က ကျောက်ချရပ်နားထားသော စည်သူအောင်-၅ အမည်ရှိ အလျား ၇၆ ပေ၊ အနံ ၁၉ ပေ၊ ရေစူး ၉ ပေ၊ ဝါလတ်ငါးဖမ်းစက်လှေတစ်စင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် သန္ဓေမီးတပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က အပေါ့စားစက် နှစ်လုံးနှင့်အတူ မီးလောင်နေသည့် ဝါလတ်ငါးဖမ်းစက်လှေရှိရာသို့ စက်လှေဖြင့် သွားရောက်၍ တနင်္သာရီမြစ်ရေဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ငါးဖမ်းစက်လှေ၏ အနောက်ကြမ်းခင်း၊ ပေါင်းမိုးနှင့် မီးစက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုအကြောင်းရင်းအား စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကွမ်းစားခြင်းကိုရှောင် အိုတောင်မဆင်းရဲ

**ပီတိရှင်**

" တံတားဦးက ကွမ်းနုဝါ၊ မြောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည်ရှားငယ်၊ သာဝါးလို့ထွေး" "ကွမ်းရွက်ကယ်ညှာကြွေ၊ ရေစိမ်တဲ့ဆေး၊ သန်းခေါက်လှိုင်လှိုင်နဲ့၊ ချိုင်လိုက်မယ်ထုံးဖြူခြောက်ကယ်၊ အာပေါက်မှထွေး" ကဗျာစပ်တေးတွေနဲ့ မြန်မာနိုင်ငံမှာ ကွမ်းစားသူတွေ ပေါများလို့ ဓလေ့ထုံးစံလိုဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်မှာ ကွမ်းအစားဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။

ကမ္ဘာ့ကွမ်းအစားဆုံးနိုင်ငံများစာရင်းမှာ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ ထိပ်ဆုံးက ပါဝင်နေပြီး မြန်မာနိုင်ငံဟာ ကွမ်းစားမှုအများဆုံးနိုင်ငံဖြစ်နေပါတယ်။ ကွမ်းစားခြင်းကြောင့် နောက်ဆက်တွဲ နာတာရှည် ရောဂါဝေဒနာများ ရရှိခံစားရမှုနဲ့ လူမှုဒုက္ခအထွေထွေကြောင့် မြန်မာတို့ ဆင်းရဲမှုသံသရာမှာ ကျင်လည်နေကြရသည်ကို အထူးသတိပြုသင့်လှပါတယ်။ ကွမ်းစားခြင်း အလေ့အထဟာ စွဲလမ်းမှုကို ဖြစ်စေတဲ့အရာဖြစ်ပါတယ်။ ကဖင်း၊ အရက်၊ နီကိုတင်း ပြီးရင် ကွမ်းက စတုတ္ထမြောက်စွဲလမ်းစေသော အရာဖြစ်ပါတယ်။

## ကွမ်းစားလို့ရလာမယ့် ရောဂါများ

ကွမ်းစားလို့ ရနိုင်တဲ့ရောဂါများကတော့ အစာရေမျိုကင်ဆာ၊ ခံတွင်းကင်ဆာ၊ သွားဖုံး ရောဂါ၊ ရေစီးကမ်းပြိုရောဂါ၊ ခံတွင်းအနာရောဂါ၊ စိတ်ဂနာမငြိမ်တဲ့ရောဂါ၊ ရင်ဘတ်အောင့်ရောဂါ၊ ဦးနှောက်အာရုံကြောအားနည်းခြင်းရောဂါ၊ သွားရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဆီးလမ်းကြောင်းနဲ့ ဆီးအိမ်ကျောက်တည်ရောဂါ၊ သွေးပေါင်ကျခြင်း၊ အသက်ရှူနှုန်း မြန်ခြင်းနှေးခြင်း၊ ပန်းနာရင်ကျပ်ရောဂါ၊ အစာအိမ်နဲ့ အူလမ်းကြောင်း ပိတ်ဆို့မှုရောဂါ၊ အဆုတ်ထဲတွင် ရေစုခြင်း၊ အတက်ရောဂါ၊ အဝလွန်ရောဂါ၊ ဆီးချိုရောဂါနဲ့ အခြားသော ရှိရင်းစွဲ ရောဂါတွေကို ပိုမိုဆိုးရွားပြင်းထန်စေပါတယ်။

မိမိကျန်းမာရေးအတွက် သောက်သုံးနေတဲ့ ဆေးဝါးတွေနဲ့ ကွမ်းစားခြင်းကြောင့် ဓာတ်ပြုမှုတွေရှိတဲ့အတွက် ဆေးဝါးအာနိသင်တွေ ပြောင်းလဲသွားနိုင်ပါတယ်။ ဒါကြောင့် ဆေးကုသရာမှာ မထိရောက်ခြင်းနဲ့ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်သူတွေ ကွမ်းစားပါက ပေါင်ချိန်မပြည့်တဲ့ကလေး မွေးဖွားလာတတ်ပါတယ်။

## ကွမ်းစားခြင်းနှင့် လူမှုပတ်ဝန်းကျင်

ကွမ်းစားတဲ့လူကို လူအများစုက မဖြစ်လို့သာ ပြောဆိုဆက်ဆံကြတာပါ။ နှစ်လိုကြည်သာကျေနပ်စွာ ဆက်ဆံဖို့ခက်ခဲတာကြောင့် လူမှုရေးနယ်ပယ်မှာ တစ်ပန်းရှုံးစေပါတယ်။ အထင်မသေးရင်တောင် အထင်ကြီးလေးစားမှုကို ရရှိဖို့ ခက်ခဲစေပါတယ်။

ကွမ်းစားခြင်းကြောင့် ရောဂါတွေရလာပါက နေ့စဉ်မိမိရဲ့ ဝင်ငွေရစေသော ပုံမှန်အလုပ်တွေ မလုပ်နိုင်တာကြောင့် စိတ်သောက ခံစားရမှာပါ။ ဒါ့အပြင် မိမိကို မှီခိုနေတဲ့ မိသားစုတာဝန်တွေလည်း လစ်ဟင်း တာဝန်မကျေတာကြောင့် မိမိရောမိသားစုပါ စိတ်မချမ်းမြေ့မှုများနဲ့ ဘဝကို ဖြတ်သန်းကြရမှာဖြစ်ပါတယ်။


ကွမ်းတံတွေးတပြစ်ပြစ်နဲ့ လူကို ဘယ်သူကမှ အထင်ကြီးလေးစားစွာ မဆက်ဆံတာမဆန်းပါဘူး။ အများနဲ့ဆိုင်တဲ့နေရာတွေမှာ ကွမ်းတံတွေးမထွေးရဆိုတဲ့ ဆိုင်းဘုတ်တွေကို လူတိုင်း မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒီလိုသတိပေးတားမြစ်တဲ့ ဆိုင်းဘုတ်တွေ ဘာကြောင့် အများကြီးကပ်နေရလဲ။ အဖြေကရှင်းပါတယ်။ ကွမ်းစားတဲ့သူတွေ မြန်မာနိုင်ငံမှာ တိုးပွားနေလို့၊ နေရာတိုင်းမှာ ရှိနေလို့ဖြစ်ပါတယ်။ ကွမ်းတံတွေး မဆင်မခြင်ထွေးလို့ ပတ်ဝန်းကျင်ညစ်ပတ်ပေစွန်းကုန်တာ၊ ဘေးလူတွေက မသတီစိတ်နဲ့ နှာခေါင်းရှုံ့ခံရတာ၊ လူမှုဆက်ဆံရေးမှာ ဒေါသတွေနဲ့ တုံ့ပြန်ခံရတာ၊ မိမိကိုယ်တိုင်က မကျေနပ်စိတ်တွေ တိုးပွားလာစေနိုင်တာတွေကြောင့် ကွမ်းစားခြင်းဟာ ပတ်ဝန်းကျင်အတွက် မိမိကြောင့် ကသိကအောက်ဖြစ်စေတာ၊ မသန့်မရှင်းဖြစ်စေတာ ကျိန်းသေပေါက် ပကတိအရှိတရားဖြစ်ပါတယ်။ ဒါကြောင့် ကွမ်းစားခြင်းကို မစွဲခင်က အမြန်ရပ်ဖို့၊ ဖြတ်ဖို့လိုအပ်လှပါတယ်။

## ကွမ်းစားခြင်းကို ဘယ်လိုဖြတ်မလဲ

ကွမ်းစားခြင်းဟာ မိမိ၊ မိသားစုနဲ့ ပတ်ဝန်းကျင်ကို ကောင်းကျိုးထက် ဆိုးကျိုးတွေကိုသာ ပေးစေတာကြောင့် ကွမ်းစားသူတွေအနေနဲ့ အချိန်မဆိုင်း အခုချက်ချင်း ဖြတ်သင့်ပါတယ်။ လူအများစု လွဲမှားစွာနားလည်လက်ခံထားတဲ့ အတွေးအခေါ်အယူအဆက ကွမ်းစားတာ အရက်သောက်တာမဟုတ်၊ မူးယစ်ဆေးဝါးသုံးတာမဟုတ်၊ သူများပစ္စည်း ခိုးတာမဟုတ်၊ လိမ်လည်လှည့်ဖြား စာရိတ္တဖောက်ပြားတာမဟုတ် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကွမ်းစားတာ ဘယ်သူ့ကိုထိခိုက်လဲလို့ မှတ်ယူလေ့၊ ပြောလေ့ရှိကြပါတယ်။

တကယ်တော့ အဲဒီလိုအပြောတွေ၊ အယူအဆတွေကို သေသေချာချာ လေးလေးနက်နက် စဉ်းစားကြည့်လေလေ မမှန်လေလေဆိုတာ ကိုယ်တိုင်သိလာမှာပါ။ ကုမရတဲ့ရောဂါ၊ ကုဖို့ခက်ခဲတဲ့ရောဂါတွေဖြစ်လာပါမှ ကွမ်းစားခြင်းကို ဖြတ်မယ်ဆိုရင် နောက်ကျသွားပါပြီ။

နှောင်းနှောင်တတွေနဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မဖြစ်ချင်ဘူးဆိုရင် ကွမ်းစားနေသူတွေ ကွမ်းစားခြင်းကို ရပ်ကြပါ၊ ဖြတ်ကြပါ။ ကွမ်းမစားသူတွေကလည်း ကွမ်းစားခြင်းကို အလှူ၊ မင်္ဂလာဆောင်၊ နာရေး၊ အခြားသော လူမှုရေးကိစ္စတွေမှာ တည်ခင်းဧည့်ခံတာတွေက အားနာလို့ဖြစ်ဖြစ်၊ လူရာဝင်စေဖို့ဖြစ်ဖြစ် အကြောင်းပြချက်တွေနဲ့ ကွမ်းစားခြင်းကို အစမလုပ်မိစေဖို့ အထူးသတိပေးလိုပါတယ်။




ကွမ်းစွဲနေသူတွေ ကွမ်းဖြတ်မယ်ဆိုရင် ပထမဆုံးအချက်က စိတ်ပြင်းပြမှုရှိပါစေ။ ကွမ်းစားခြင်းကြောင့်ဖြစ်စေတဲ့ ဆိုးကျိုးတွေနဲ့ ဆုံးရှုံးမှုတွေကို မပြတ်တမ်းမြင်အောင်ကြည့်ပြီး စိတ်ဓာတ်ခိုင်မာဖွဲ့ရှိစွာနဲ့ဖြတ်မှ ပြတ်မှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ မိမိကိုယ်ကို ယုံကြည်တန်ဖိုးထားတဲ့ စိတ်ဟာ မကောင်းမှုလို့သိထားတဲ့ အကျင့်စရိုက်ဆိုးတစ်ခုကို တွန်းလှန်ပယ်သတ်တဲ့အခါ များစွာထိရောက်အောင်မြင်မှုဖြစ်စေပါတယ်။

တတိယအချက်ကတော့ အများရဲ့အကူအညီကိုရယူပါ။ ကွမ်းစားလို့ အပိုကုန်ကျမှုတွေ၊ ကွမ်းစားလို့ မိသားစုရဲ့ နေ့စဉ် စားဝတ်နေရေးနဲ့ လူမှုဘဝ ထိခိုက်ပျက်ပြားမှုတွေကို သိအောင်မြင်အောင်၊ နားဝင်အောင် မိသားစုဝင်တွေရဲ့ စေ့ဆော်မှုအားဟာ ကွမ်းစားမှု နှိုက်ချုပ်ရေးမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။

တစ်ဦးချင်းတစ်ယောက်ချင်းစီက ကွမ်းစားခြင်းကို ကျန်းမာရေးအသိ၊ မိသားစုဘဝနေရေး သာယာစေရေးအသိ၊ ပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတဲ့အသိ၊ ကိုယ့်ကိုယ်ကိုယ် သနားညှာတာတဲ့အသိတွေနဲ့ ကွမ်းစားခြင်းကိုရှောင် အိုတောင်မဆင်းရဲ တဲ့သူတွေဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကွမ်းစားလို့ရနိုင်တဲ့ရောဂါများကတော့ အစာရေမျိုကင်ဆာ၊ ခံတွင်းကင်ဆာ၊ သွားဖုံးရောဂါ၊ ရေစီးကမ်းပြိုရောဂါ၊ ခံတွင်းအနာရောဂါ၊ စိတ်ဂနာမငြိမ်တဲ့ရောဂါ၊ ရင်ဘတ်အောင့်ရောဂါ၊ ဦးနှောက်အာရုံကြောအားနည်းခြင်းရောဂါ၊ သွားရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဆီးလမ်းကြောင်းနဲ့ ဆီးအိမ်ကျောက်တည်ရောဂါ၊ သွေးပေါင်ကျခြင်း၊ အသက်ရှူနှုန်း မြန်ခြင်းနှေးခြင်း၊ ပန်းနာရင်ကျပ်ရောဂါ၊ အစာအိမ်နဲ့ အူလမ်းကြောင်း ပိတ်ဆို့မှုရောဂါ၊ အဆုတ်ထဲတွင် ရေစုခြင်း၊ အတက်ရောဂါ၊ အဝလွန်ရောဂါ၊ ဆီးချိုရောဂါနဲ့ အခြားသော ရှိရင်းစွဲ ရောဂါတွေကို ပိုမိုဆိုးရွားပြင်းထန်စေပါတယ်။**



# တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးများ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ် (တောင်/ရှေ့) သမဝါယမအသင်းစုချုပ်နှင့်ပူးပေါင်း၍ ရှမ်းဒေသမှ ထွက်ရှိသော ကြက်သွန်ဖြူပိဿာချိန် ၃၅၀၀၊ အာလူးပိဿာချိန် ၅၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ပူးပေါင်း၍ ဆိပ်ဖြူမြို့နယ်မှထွက်ရှိသော ကြက်သွန်နီပိဿာချိန် ၇၀၀၀ ကိုလည်းကောင်း ဝယ်ယူပြီး မေ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများမှတစ်ဆင့် သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၇၀၊ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၊ ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ ဖြင့် သမဝါယမလမ်းကြောင်းမှတစ်ဆင့် No Profit, No Loss ဟူသောမူနှင့်အညီ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## နာဂစ်မုန်တိုင်းကြားမှ စေတနာဖခင် ကရုဏာရှင် သူနာပြု ဦးစနိုင်နိုင်ထွန်း

**လင်းအောင်**

**မြန်မာနိုင်ငံနှင့် နာဂစ်မုန်တိုင်း**

ဧရိယာအကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင် (၆၇၆၅၇၈ စတုရန်းကီလိုမီတာ) ကျယ်ဝန်းသော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေဧရိယာ ဒုတိယအကြီးမားဆုံးဖြစ်ပြီး မြေပြင်တစ်ဆက်တည်းအကျယ်အဝန်းအရ အကြီးမားဆုံးနိုင်ငံဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အမှတ်စဉ် (၄၀) မြောက် အကြီးဆုံးနိုင်ငံလည်းဖြစ်၍ ကုန်းမြေဧရိယာကြီးမားကျယ်ပြန့်သကဲ့သို့ နိုင်ငံပတ်ပတ်လည် နယ်နိမိတ်တစ်ခုလုံး၏ သုံးပုံတစ်ပုံရှိသော ပင်လယ်ကမ်းရိုးတန်းအလျားမှာ ရခိုင်ပြည်နယ်နတ်မြစ်ဝမှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းအထိ ၁၁၉၉ မိုင် (၁၉၃၀ ကီလိုမီတာ) (ရေမိုင် နယ်နိမိတ် ၁၃၈၅ မိုင်) ရှည်လျားပါသည်။

ဥတ္တရယဉ်စွန်းတန်းနှင့် အီကွေတာအကြားတည်ရှိပြီး အာရှတိုက်၏ မုတ်သုံရပ်ဝန်းအတွင်း ကျရောက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတု ဖြစ်သည်။ နိုင်ငံ၏ အနောက်တောင်ဘက်နှင့် တောင်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့မှ တိုက်ခတ်သော လေကြောင်းနှင့် လေဖိအားအခြေအနေများကြောင့် မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသည့်အပြင် အချို့နှစ်များတွင် မုန်တိုင်းများ ပြင်းထန်စွာ ကျရောက်လေ့ရှိရာ ကမ်းရိုးတန်းဒေသများသည် မုန်တိုင်းဒဏ်ကို အများဆုံး ကြုံတွေ့ရလေ့ရှိသည်။ ဤကဲ့သို့ကျရောက်သော မုန်တိုင်းများအနက် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် သမိုင်းတစ်လျှောက် မြန်မာနိုင်ငံတွင် ပေါ်ပေါက်ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်များအနက် အဆိုးရွားဆုံး၊ အကြမ်းတမ်းဆုံးဖြစ်ခဲ့ပါသည်။

**မုန်တိုင်းစတင်မှုနှင့်**
**အဆင့်ဆင့် တိုးတက်မြင့်မားလာမှု**

၂၀၀၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့၌ ဘင်္ဂလားပင်လယ်အော်တွင် စတင်ဖြစ်ပေါ်ခဲ့သော နာဂစ်ဟု အမည်သတ်မှတ်ထားသည့် မုန်တိုင်းတစ်ခုသည် ဧပြီလ ၂၈ ရက်နေ့ ကမ္ဘာ့လေထုထဲ၌ ယင်း၏ လေဖိအားကြီးရာရပ်ဝန်း အနောက်မြောက်နှင့် အရှေ့တောင်အကြား ရှိနေစဉ်အတွင်း ငြိမ်သက်လုနီးပါးရှိနေခဲ့သည်။ ထိုနေ့တွင် JTWC (Joint Typhoon Warning Center) က နာဂစ်ဟု အဆိုပါ မုန်တိုင်းကို လေပြင်းမုန်တိုင်းအဆင့်မှ ဆိုင်ကလုန်း အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး IMD (India Meteorological Department) ကလည်း လေပွေလေပြင်းမုန်တိုင်းအကြီးစားတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့သတ်မှတ်ခဲ့စဉ် မုန်တိုင်းအဆင့်သည် ဆာဖာ – ဆင်မ်ဆန် ဟာရီကိန်းစကေး (Saffir–Simpson hurricane scale–SSHS) အရ အသေးငယ်ဆုံး ဟာရီကိန်းအဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ဧပြီလ ၂၉ ရက်နေ့ အစောပိုင်း၌ JTWC က နာဂစ်မုန်တိုင်း၏ လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ (၁နာရီလျှင် မိုင် ၁၀၀) နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ပြီး တစ်ချိန်တည်းတွင် IMD ကလည်း အလွန်ပြင်းအားကြီးမည့် လေပွေမုန်တိုင်းဖြစ်မည်ဟု ခန့်မှန်းခဲ့ပါသည်။ မုန်တိုင်းစတင်ဖြစ်ပေါ်ချိန်တွင် ဘင်္ဂလားဒေ့ရှ် သို့မဟုတ် အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းခဲ့သော်လည်း နောက်ပိုင်းတွင် ခြောက်သွေ့လေထုနှင့် ကျုံ့ဝင်မှုကြောင့် မူလလမ်းကြောင်းမှ ပြန့်ကျဲလာခြင်း၊ အကျိုးဆက်အားဖြင့် မုန်တိုင်းဗဟိုတစ်ဝိုက် နက်ရှိုင်းသော အပူစီးကူးမှု သိသာစွာလျော့ကျသွားခြင်းတို့ ဖြစ်ပေါ်စေခဲ့ပါသည်။

ဒီဗိုရက်ခ်နည်းပညာ (Dvorak technique) သုံး ဂြိုဟ်တုဖြင့် ပြင်းအားတိုင်းတာမှုအရ လေပွေမုန်တိုင်းသည် အပူပိုင်းဒေသမုန်တိုင်းအဆင့်သို့ လျော့ကျသွားကြောင်း ဖော်ပြခဲ့သော်လည်း ဧပြီလ ၂၉ ရက်နေ့ နောက်ပိုင်းတွင် အပူစီးကူးခြင်းများ ပြန်လည်ဖြစ်ပေါ်လာသကဲ့သို့ ကမ္ဘာ့လေထုထဲ၌ မုန်တိုင်း၏ လေဖိအားကြီးရာ ရပ်ဝန်းတစ်လျှောက် အဖျားပိုင်းသည် အရှေ့မြောက်ဘက်မှ အရှေ့တောင်ဘက် (မြန်မာနိုင်ငံ) ဆီသို့ ရွေ့လျားမှု စတင်ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် မေလ ၁ ရက်နေ့တွင် မုန်တိုင်းသည် အရှေ့ဘက်တည့်တည့်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး နောက်ပိုင်း လေဖိအားနည်းရပ်ဝန်းအမြင့်ပိုင်းသို့ နီးကပ်လာသည်နှင့်အမျှ မုန်တိုင်းရွေ့လျားမှုနှင့် ပြင်းအားသည် လျင်မြန်စွာ တိုးတက်မြင့်မားလာခဲ့သည်။ အချင်း ၁၉ မီတာ (၁၂ မိုင်)ရှိသော မုန်တိုင်း၏ မျက်စိနံရံမှာ ထင်ရှားမြင်သာလာသည်နှင့်အမျှ ပိုမိုအင်အားကြီးမားလာခဲ့သည်။

မုန်တိုင်းဦးတည်ရာလမ်းကြောင်းတွင် ကျရောက်လျက်ရှိသည့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် အလျား ကီလိုမီတာ ၂၉၀ နှင့် အနံ မီတာ ၂၄၀ ကျယ်ဝန်းပြီး လူဦးရေ သုံးသန်းကျော်ခန့် နေထိုင်လျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် မာလာ(Mala) မုန်တိုင်း၊ ၂၀၀၇ ခုနှစ်တွင် ဆီဒါ (Sidr)နှင့် ဂိုနူ (Gonu) စသည့် အပူပိုင်းမုန်တိုင်းများကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေမြဲဖြစ်သည့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသည် အဆိုပါအပူပိုင်းမုန်တိုင်းများထက် ပြင်းအားများစွာကြီးမားပြီး သမိုင်းတွင် အကြီးမားဆုံးပြင်းအားအဆင့် (၄) သဘာဝဘေးအန္တရာယ် မုန်တိုင်းကြီးနှင့် ကြုံတွေ့ရမည့်အခြေအနေအပေါ် မျှော်မှန်းပြင်ဆင်နိုင်မှု၊ မုန်တိုင်းသတိပေးချက်များအပေါ် အလေးထားမှုများ အားနည်းခဲ့ရပါသည်။

**မြန်မာနိုင်ငံကုန်းတွင်းပိုင်းသို့ မုန်တိုင်းဝင်ရောက်မှု**

မေလ ၂ ရက်နေ့ အစောပိုင်း၌ JTWC က မြန်မာနိုင်ငံကမ်းရိုးတန်းသို့ နီးကပ်လာသည်နှင့်အမျှ နာဂစ်မုန်တိုင်း၏ လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ၂၁၅ ကီလိုမီတာ (တစ်နာရီလျှင် ၁၃၅မိုင်) နှုန်းအထိ ရောက်ရှိနိုင်ကြောင်းနှင့် ပြင်းအားအဆင့် (၄) မုန်တိုင်းအဖြစ် သတ်မှတ်ခဲ့ပြီး တစ်ချိန်တည်းတွင် IMD ကလည်း အမြင့်ဆုံးလေတိုက်ခတ်မှုနှုန်း တစ် နာရီလျှင် ၁၆ ကီလိုမီတာ (တစ်နာရီလျှင် ၁၀၅ မိုင်)နှုန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။

မေလ ၂ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၁၂ နာရီခန့်တွင် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး ကုန်းတွင်းပိုင်းသို့ အမြင့်ဆုံးလေတိုက်နှုန်း တစ် နာရီလျှင် ၁၆၅ ကီလိုမီတာ(3 minute sustained) မှ ၂၁၅ ကီလိုမီတာ (1 minute sustained) (တစ်နာရီ ၁၀၅ မိုင်မှ မိုင် ၁၃၀ )နှုန်းထား၊ အနိမ့်ဆုံးလေဖိအား ၉၆၂ mbar (hPa) ၂၈ ဒသမ ၄၁ (inHg) ဖြင့်ပြင်းထန်စွာ ဝင်ရောက်လာခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ နာဂစ်မုန်တိုင်းကြီး ဝင်ရောက်လာချိန်တွင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းတိုက်နယ်ရှိ ၁၆ ခုတင်ဆံ့ဆေးရုံတွင် အထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်း တာဝန်ထမ်းဆောင်လျက်ရှိနေခဲ့ပါသည်။




မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်ရှင် အထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်း။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ဖလော်ရင့်နိုက်တင်ဂေးဆုရှင်ဖြစ်လာမည့် ဗုဒ္ဓဘာသာဝင် ပိုးကရင်တိုင်းရင်းသား ဦးစနိုင်နိုင်ထွန်းကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပေပင်တောင်ကျေးရွာ ရွာမ (၁) တွင် အဘ ဦးထွန်းမြင့်၊ အမိဒေါ်ဘုမတို့၏ မွေးချင်းသားသမီး ရှစ်ဦးအနက် ငါးဦးမြောက်သားအဖြစ် ၂၂-၃-၁၉၇၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ခဲ့ပြီးနောက် အဝေးသင်တက္ကသိုလ် ပုသိမ်ဌာနခွဲတွင် သတ္တဗေဒ အဓိကဖြင့် တက်ရောက်ခဲ့စဉ် ဝါသနာပါသော ကျောင်းဆရာအလုပ်နှင့် သူနာပြုအလုပ်တစ်ခုခုကို ရွေးချယ်ရန် ရည်ရွယ်ထားခဲ့ရာမှ သူနာပြုသင်တန်းဝင်ခွင့်ဖြေဆိုအောင်မြင်ပြီး ပုသိမ်မြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ သုံးနှစ်သင်တန်း တက်ရောက်အောင်မြင်ခဲ့သည်။

သင်တန်းပြီးဆုံး အောင်မြင်ပြီးနောက် လုပ်ငန်းခွင်မဝင်မီကာလ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနနှင့် ခွဲစိတ်ဌာနတို့တွင် သူနာပြုစုခြင်းလုပ်ငန်း လက်တွေ့သင်ယူရင်း တစ်ဖက်၌ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာအဓိကဖြင့် တက်ရောက်နေခဲ့သည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် မအူပင်အထွေထွေရောဂါကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန် အမိန့်စာရရှိခဲ့ပြီး ၅-၈-၂၀၀၄ ရက်နေ့မှစတင်၍ လုပ်ငန်းခွင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည်။

**ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံသို့**

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ရုံးအမိန့်ဖြင့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းတိုက်နယ်ရှိ ၁၆ ခုတင်ဆံ့ဆေးရုံတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်နှင့် အထက်တန်းသူနာပြုရာထူးသို့ တိုးမြှင့်ခန့်ထားသည့် အမိန့်စာကို လက်ခံရရှိခဲ့သည်။ ဆရာစနိုင်နိုင်ထွန်းသည် ရာထူးတိုးအမိန့်ကြောင့် ဝမ်းသာရသလို ၂၀၀၄ ခုနှစ်မှ စတင်၍ သစ်လွင်သူနာပြုဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မိခင်ဆေးရုံကြီးဖြစ်သည့် မအူပင်အထွေထွေရောဂါကုဆေးရုံကြီးနှင့် လုပ်ဖော်ကိုင်ဖက်များကို ခွဲခွာရမည်ဖြစ်၍လည်း ဝမ်းနည်းရပြန်သည်။ ရာထူးတိုးပြောင်းရွှေ့အမိန့် ရရချင်း ပန်းတနော် ပေပင်တောင်ရွာရှိ အပါးနှင့် အမိုးထံ ဖုန်းဆက်အကြောင်းကြားသည်။ မိသားစုဝင်များက ရာထူးတိုးသည်ကို ဝမ်းသာပေမယ့် ဟိုင်းကြီးကျွန်းကို ပြောင်းရမည်ဆိုသည်ကိုတော့ မပြောင်းရန်တားမြစ်ခဲ့သည်။ မသွားရန်တားမြစ်သည့် လုပ်ဖော်ကိုင်ဖက်အချို့ ရှိသလို လူကြီးများနှင့် အချို့သူငယ်ချင်းများကတော့ သွားရောက်တာဝန်ထမ်းဆောင်ရန် အားပေးကြသည်။ ဟိုင်းကြီးကျွန်းဆိုသည်က ပင်လယ်ဝတွင် တည်ရှိပြီး မုန်တိုင်းရန်များ အမြဲကြုံတွေ့နေရသည့်နေရာကိုး။

စာမျက်နှာ ၁၇ သို့ ✦

**စင်စစ်မုန်တိုင်းဗဟိုပြုနေကြောင်း သတင်းထုတ်ပြန်ထားသည့် သမီးလှကျွန်း (လိပ်ကျွန်း)သည် ဆရာစနိုင်နိုင်ထွန်း ရောက်ရှိနေရာ ဟိုင်းကြီးကျွန်းနှင့် ရေမိုင်ကိုးမိုင်သာ ဝေးကွာသည့်အတွက် အထူးစိုးရိမ်ရသည့်အခြေအနေဖြစ်သည်။ သို့ရာတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေမှုနှင့် မုန်တိုင်းငယ် အဖြစ် ပြောင်းလဲဝင်ရောက်လာမည်ဟူသော သတိပေးသတင်းမှာ ဒေသခံပြည်သူများအနေဖြင့် တစ်သက်တာလုံးကြားလာခဲ့သော သာမန်မိုးလေဝသသတင်းတစ်ပုဒ်အဖြစ် သဘောထားခဲ့ကြရာ မယုံနိုင်ဖွယ်ကြုံတွေ့ရမည့် ကြေကွဲဖွယ်ရာ မုန်တိုင်းနေ့အတွက် လုံလောက်သည့် ကြိုတင်ပြင်ဆင်မှုများ အားနည်းစေခဲ့။**

✦ စာမျက်နှာ ၁၆ မှ
သူကိုယ်တိုင် ဧရာဝတီတိုင်းသားတစ်ယောက်ဖြစ်ပေမယ့် ဟိုင်းကြီးကျွန်းကိုတော့ တစ်ခါတစ်ခေါက်မှ မရောက်ဖူးခဲ့သည့်အတွက် နေရာဒေသအသစ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ချီတုံချတုံဖြစ်ခဲ့မိသည်။

နောက်ဆုံးတော့ ဝန်ထမ်းဆိုတာ ကျရာတာဝန်ကို ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ရမှာပေါ့လို့ ကိုယ့်ကိုယ်ကိုယ် အားပေးဆုံးဖြတ်ရင်း မအူပင်မှ ပုသိမ် – ငပုတော အဆင့်ဆင့်ထွက်ခွာလာခဲ့ပြီး ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံသို့ ၂ –၁– ၂၀၀၈ ရက်နေ့တွင် စတင်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည်။ ဟိုင်းကြီးကျွန်းဆေးရုံသို့ ရောက်ရှိပြီး နောက်ထပ်ငါးလအကြာတွင် သူ့ဘဝတစ်သက်တာလုံး ဘယ်တော့မှ မေ့ပျောက်လို့ရမည်မဟုတ်တော့သည့် ပြင်းအားအဆင့်(၄) ရှိပြီး သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဖြစ်သည့် နာဂစ်မုန်တိုင်းကြီးတိုက်ခတ်မှုနှင့် ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ရတော့မည်ကို အဲဒီတုန်းကတော့ ဘယ်လိုလုပ် မှန်းဆနိုင်ခဲ့ပါ့မလဲ။ သူကိုယ်တိုင်သာမက ဧရာဝတီတိုင်းဒေသကြီးရှိ ဒေသခံပြည်သူများနှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများအားလုံးကပါ မိမိတို့ကိုယ်စီ နေထိုင်ဖြတ်သန်းနေရသည့် လူ့ဘဝတာမှာ ကြီးမားပြင်းထန်သည့် သဘာဝဘေးရန်ကြီးတစ်ခု ရောက်ရှိလာမည်ကို ကြိုတင်မသိမြင်နိုင်ခဲ့ကြပါ။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မတိုင်မီ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်အစီအစဉ်က ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း၊ မေလ ၂ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်အဖြစ်ပြောင်းလဲပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်းနှင့် ထိုမုန်တိုင်းသည် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ သမီးလှကျွန်းအနီး မိုင် ၂၀၀ တွင် ပင်လယ်ပြင်ကို ဖြတ်ကျော်၍ အရှေ့တောင်ဘက်သို့ ရွှေ့လျားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်ကို ကြားသိခဲ့သည်။

စင်စစ် မုန်တိုင်းဖြတ်ကျော်နေကြောင်း သတင်းထုတ်ပြန်ထားသည့် သမီးလှကျွန်း (လိပ်ကျွန်း) သည် ဆရာ စနိုင်နိုင်ထွန်း ရောက်ရှိနေရာ ဟိုင်းကြီးကျွန်းနှင့် ရေမိုင် ကိုးမိုင်သာ ဝေးကွာသည့်အတွက် အထူးစိုးရိမ်ရသည့်အခြေအနေဖြစ်သည်။ သို့ရာတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေမှုနှင့် မုန်တိုင်းငယ်အဖြစ် ပြောင်းလဲဝင်ရောက်လာမည်ဟူသော သတိပေးသတင်းမှာ ဒေသခံပြည်သူများအနေဖြင့် တစ်သက်တာလုံး ကြားလာခဲ့သော သာမန်မိုးလေဝသသတင်းတစ်ပုဒ်အဖြစ် သဘောထားခဲ့ကြရာ မယုံနိုင်ဖွယ်ကြုံတွေ့ရမည့် ကြေကွဲဖွယ်ရာ မုန်တိုင်းနေ့အတွက် လုံလောက်သည့် ကြိုတင်ပြင်ဆင်မှုများ အားနည်းစေခဲ့သည်။

**၂-၅-၂၀၀၈ ရက်နေ့**
**ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံ**

မေလ ၂ ရက်(သောကြာနေ့) နံနက်ပိုင်းသည် ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံအတွက် ပုံမှန်နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့နံနက်ပိုင်း၌ ဆေးရုံတွင် တာဝန်ကျဝင်ရောက်လာသော အထက်တန်းသူနာပြုဆရာ စနိုင်နိုင်ထွန်းသည် မွေးလူနာ နှစ်ဦးကို အောင်မြင်စွာမွေးဖွားပေးခဲ့ပြီး မိခင်ရောကလေးငယ်များပါ ကျန်းမာလျက်ရှိနေကြသည်။ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖြစ်သော်လည်း ဆေးရုံအတွင်း၌ မွေးလူနာ၊ ဖျားနာလူနာ၊ ခွဲစိတ်လူနာများနှင့် ငါးနှစ်အောက်ကလေးငယ်များအပါအဝင် လူနာ ၂၆ ဦး ဆေးကုသမှု ခံယူလျက်ရှိသည်။ ခွဲစိတ်လူနာများမှာ အစာအိမ်ရောင်လူနာ၊ အူအတက်ရောင်လူနာနှင့် အဆုတ်ပြည်တည်နာဖောက်ထားသည့် လူနာများပါဝင်ပြီး အဆုတ်ပြည်တည်နာ ဖောက်ထားသည့် လူနာအမျိုးသမီးကြီးမှာ


မြန်မာနိုင်ငံကုန်းတွင်းပိုင်းသို့ နာဂစ်မုန်တိုင်းဝင်ရောက်ရာလမ်းကြောင်း
(ဓာတ်ပုံ – နာဂစ်မုန်တိုင်း – wikipedia စာမျက်နှာ)

ချို့တဲ့နွမ်းပါးသည့် လူနာအမေကြီးတစ်ဦး ဖြစ်သည်။

နံနက်ပိုင်းတာဝန်ချိန်စတင်ချိန်တွင် တာဝန်လွှဲပြောင်းလက်ခံပြီးနောက် လူနာအဆောင်အတွင်း သန့်ရှင်းရေးဆောင်ရွက်ထားမှုများကို လိုက်လံစစ်ဆေးခဲ့ပြီး လူနာများ သွေးပေါင်ချိန်ချိန်၍ မှတ်တမ်းတင်ခြင်း၊ ဖျားနာလူနာကို အပူသက်သာစေရန် ရေပတ်တိုက်ပေးခြင်း၊ အဝတ်လဲပေးခြင်းများ ဆောင်ရွက်ပေးနေစဉ် နံနက် ၉ နာရီတွင် ကောင်းကင်တစ်ခုလုံးမည်းမှောင်ပြီး လေပြင်းများ စတင်တိုက်ခတ်လာခဲ့သည်။

ဟိုင်းကြီးကျွန်းအနီးမှ မုန်တိုင်းဖြတ်ကျော်မည်ဖြစ်ကြောင်း မိုးလေဝသကြိုတင်သတိပေးသတင်းကြားသိထားခဲ့သည့်အတွက် ဆရာစနိုင်နိုင်ထွန်းသည် မြို့နယ်ခွဲဆရာဝန်ကြီး ဆရာဦးဇော်အောင်ထံသို့ သတင်းပို့တင်ပြခဲ့ပြီး ဆေးရုံအတွင်းရှိ အဖိုးတန်စက်ကိရိယာများဖြစ်သော ဓာတ်မှန်ရိုက်စက်၊ သွေးလွန်တုပ်ကွေးရောဂါတိုင်းစက်၊ အောက်ဆီဂျင်ပေးစက်နှင့် ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို စုစည်း၍ အမြင့်သို့တင်ခြင်း၊ မိုးကာစများ ဖုံးအုပ်ခြင်းတို့ကို သူနာပြုညီငယ် ကိုသန်းထွန်းနှင့်အတူ ဆောင်ရွက်ခဲ့သည်။ (သို့ရာတွင် ပြင်းထန်သော မုန်တိုင်းကြောင့် အဆိုပါဆေးရုံသုံးစက်ပစ္စည်းကိရိယာများမှာ မုန်တိုင်းကာလအတွင်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။) ထို့နောက် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်နှင့် သားဖွားဆောင်ရှိ လူနာများ၊ လူနာစောင့်များသို့ မုန်တိုင်းသတိပေးချက်များ လိုက်လံအသိပေးပြီး အဖိုးတန်ပစ္စည်းများ သိမ်းဆည်းထားကြရန်၊ မကြောက်ကြရန် အားပေးစကားပြောကြားခဲ့သည်။

ထိုသို့ လိုက်လံပြောကြားနေစဉ်မှာပင် မုန်တိုင်းမှာ တဖြည်းဖြည်းအားကောင်းလာပြီး ဆေးရုံဝန်ထမ်းမိသားစုများပါ အထုပ်အပိုးများဖြင့် ဆေးရုံအတွင်း အပြေးအလွှား ဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ ဆေးရုံဝန်းကျင်ရှိသစ်ပင်များ၊ အုန်းပင်များလဲကျပြီး ဆေးရုံသွပ်မိုးများ လန်ထွက်ပြုတ်ထွက်မှုများ စတင်ဖြစ်ပေါ်လာခဲ့သည့်အတွက် အမိုးသွပ်ပြား၊ သစ်သားထုပ်တန်း၊ မျက်နှာကြက်များ ပြုတ်ကျလာပါက မထိခိုက်စေရန် လူနာများ၊ လူနာစောင့်များနှင့် မိသားစုများကို လတ်တလော၌ ဆေးရုံခုတင်များအောက်တွင် ဝင်နေကြရန် ပြောကြားပြီး မုန်တိုင်းအခြေအနေကိုလည်း ဆက်လက်စောင့်ကြည့်နေခဲ့သည်။

မုန်တိုင်းသတိပေးချက်အရ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၈၀ တိုက်ခတ်မည်ဟု သိထားခဲ့သော်လည်း နောက်ဆုံးနားထောင်လိုက်ရသော မြန်မာ့အသံရေဒီယိုသတင်းအရ မုန်တိုင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် မိုင် ၁၀၀ အထက်ရှိမည်ဖြစ်ပြီး ဒီရေအမြင့် ငါးပေကျော်အထိ မြင့်တက်လာနိုင်ကြောင်း သိလိုက်ရသည်။ ထိုသို့သိလိုက်ရသည်နှင့် ဆရာ စနိုင်နိုင်ထွန်းသည် ခုတင်များအောက်တွင် ပုန်းခိုနေကြသော လူနာများ၊ လူနာစောင့်များနှင့် မိသားစုများကို ခုတင်အောက်မှထွက်၍ အမြင့်နေရာများသို့ တက်ပြီးနေရာယူကြရန် ပြန်လည်ပြောဆိုရပြန်သည်။

**ထိမှန်နာကျင်စေသော မုန်တိုင်းမိုးစက်များ**

မေလ ၂ ရက်နေ့ နေ့လယ်ပိုင်းမရောက်မီမှာပင် အလင်းရောင်ပျောက်ကွယ်သွားပြီး မိုးကောင်းကင်တစ်ခုလုံး မှောင်မည်းလာမှုနှင့်အတူ လူနာများ၊ လူနာစောင့်များနှင့် ဆေးရုံဝန်ထမ်းမိသားစုများအားလုံးမှာ ထွက်ပြေးတိမ်းရှောင်ရန် နေရာလည်း မရှိတော့ဘဲ ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံအတွင်း ပိတ်မိနေကြပြီ ဖြစ်သည်။ ပင်လယ်ပြင်အတွင်း လှိုင်းအမြင့် ၁၂ ပေအထိ တိုက်ခတ်နေသော မုန်တိုင်းကြောင့် မွန်းလွဲ၁ နာရီခန့်တွင် ဆေးရုံအဆောင်များအတွင်း တရိပ်ရိပ်ဝင်ရောက်လာသော ပင်လယ်ဒီရေလှိုင်းများမှာ ဒူးဆစ်နေရာမှ ခါးအထိ မြင့်တက်လာခဲ့သောအခါ ဆရာစနိုင်နိုင်ထွန်းသည် လူနာစောင့်အမျိုးသားများနှင့်အတူ လူနာခုတင်များကို တစ်လုံးအပေါ် တစ်လုံးဆင့်၍ အရေးကြီးလူနာများကို ခုတင်ပေါ် တင်ပေးခဲ့သည်။

ထိုသို့ လူနာများ ရေလွတ်စေရေးအတွက် ခုတင်များဆင့်၍ တင်နေစဉ် အရေးထဲအရာပေါ်ဆိုသကဲ့သို့ ဆေးရုံအထွေထွေလုပ်သား အမျိုးသမီးတစ်ဦး၏ ကျောပြင်ပေါ်သို့ ခေါင်မိုးသစ်သားတန်းတစ်ချောင်း ပြုတ်ကျမှုကြောင့် ထိုအမျိုးသမီးလုပ်သားမှာ သတိလစ်မေ့မြောပြီး ဆေးရုံကြမ်းပြင် ရေပြင်အတွင်း လဲကျသွားခဲ့သည်။ ဆေးရုံအတွင်း ဝင်ရောက်လာနေသော ဒီရေလှိုင်းများအကြား ကစဉ့်ကလျားဖြစ်နေကြသည့် အခြေအနေတွင် ဆရာစနိုင်နိုင်ထွန်းသည် သတိလစ်ရေမွန်းနေသည့် အမျိုးသမီးလုပ်သားအား ပခုံးပေါ်ထမ်းတင်၍ ခန္ဓာကိုယ်အတွင်း ဝင်သွားသော ရေများ ပြန်အန်ထွက်လာစေရန် ပြန်လည်ပြုစုပေးနိုင်ခဲ့သည့်အတွက် မေ့မြောလူနာကို ပြန်လည်သတိရလာစေခဲ့သည်။

တစ်ချိန်တည်းတွင် နှာခေါင်းပိုက်တပ်ထားသည့် လူနာများ၊ ဆေးသွင်းပိုက်တန်းလန်းဖြင့် လူနာများသည် ဆရာစနိုင်နိုင်ထွန်းထံ ရောက်လာကြပြီး ဆရာ ဒါဘယ်လိုလုပ်ရမလဲ မေးကြပြန်ရာ မိုးထဲရေထဲ၌ လူနာများ၏ ဆေးသွင်းပိုက်များကိုဖြုတ်ပေးပြီး ဆေးရုံခေါင်မိုးထုပ်တန်းများ၊ မျက်နှာကြက်တန်းများပေါ်သို့ တင်ပေးရသည်။ တစ်ချိန်တည်းမှာပင် အမျိုးသမီးလူနာများ၊ လူနာစောင့်များကို တာဝန်ကျသူနာပြုအခန်းအပေါ် ရှိထုပ်တန်းပေါ်သို့လည်းကောင်း၊ မွေးလူနာများကို မွေးလူနာဆောင်ထုပ်တန်းများပေါ်သို့လည်းကောင်း လူနာစောင့် ခင်ပွန်းသည်တစ်ဦး၏ အကူအညီရယူ၍ လိုက်လံတင်ပေးရပြန်သည်။

ထိုသို့ ထုပ်တန်းများပေါ် လူနာများတင်ပေးနေစဉ် အဆုတ်ပြည်တည်လူနာအမေကြီးက ထုပ်တန်းပေါ်တက်ရင်း "ဆရာလေး ကျွန်မဒီပိုက်ရောဖြုတ်လို့ရမလား"ဟု မေးခဲ့ရာ ဖြုတ်၍မရကြောင်း ပြန်ပြော၍ ပိုက်တပ်ပုလင်းကို ချိုင်းကြားညှပ်ပေးပြီး ထုပ်တန်းပေါ်တင်ပေးခဲ့ရသည်။ လူနာစောင့်မိသားစုများအပါအဝင် လူနာများအား ရေလွတ်ရာထုပ်တန်းများပေါ်သို့ တင်ပေးပြီးသော်လည်း လူနာများ၊ လူနာစောင့်များ၏ ခန္ဓာကိုယ်ပေါ်သို့ လာရောက်ထိမှန်သည့် မိုးရေစက်များမှာ မုန်တိုင်း၏ ပြင်းထန်သော လေတိုက်နှုန်းကြောင့် အလွန်နာကျင်ကြသည့်အတွက် အော်ဟစ်ညည်းညူငိုကြွေးသံများမှာလည်း မိုးသံလေသံနှင့်အတူ ဆူညံလျက်ရှိနေခဲ့သည်။

ဆရာစနိုင်နိုင်ထွန်းသည် ဆေးရုံဗီရိုထဲရှိ စောင်များကို ထုတ်ယူပြီး ထုပ်တန်းများပေါ်သို့ ပစ်တင်ပေးရင်း စောင်ဖြင့် ခန္ဓာကိုယ်ကို ပတ်ထားကြခြင်းဖြင့် မိုးရေစက်များ ထိမှန်မှုသက်သာစေရန် ဆောင်ရွက်ပေးရပြန်သည်။ ထိုအချိန်၌ မြင့်တက်လာသော ဒီရေမှာ ရင်ခေါင်းအမြင့် ငါးပေအထိ ရောက်လာခဲ့ရာ ရေပြင်ထဲတွင် ဆေးရုံဆရာဝန်ကြီး ဦးဇော်အောင်၊ ဆရာစနိုင်နိုင်ထွန်းနှင့် လူနာစောင့်တစ်ဦးသာ ကျန်ရှိနေတော့သည်။ ရေမကူးတတ်သော ကျောက်ပန်းတောင်းသား ဆရာကြီးဦးဇော်အောင်ကို လူနာစောင့်နှင့်အတူ ထုပ်တန်းတစ်နေရာသို့ တင်ပေးပြီးနောက် သူကိုယ်တိုင်အတွက်လည်း ခိုလှုံနိုင်သည့် ရေလွတ်မည့် အမြင့်တစ်နေရာကို ရေလှိုင်းများကြား ကူးခတ်လိုက်ရှာခဲ့သည်။

**မုန်တိုင်းဒီရေလှိုင်းများကြားမှ**
**လူနာအသက်ကယ် သူနာပြုတစ်ဦး**

ထိုသို့ကူးခတ်ရှာဖွေနေစဉ် ရေစီးအလွန်သန်လျက်ရှိသည့်အတွက် ရေကူးရန် အခက်အခဲရှိနေရာ ဝတ်ဆင်ထားသော တာဝန်ချိန်သူနာပြုဝတ်စုံဘောင်းဘီရှည်ကို ခက်ခက်ခဲခဲချွတ်ပြီး အောက်ခံဘောင်းဘီတိုဖြင့်ပင် သူနာပြုညီငယ်ဖြစ်သူကိုသန်းထွန်းရှိရာ ထုပ်တန်းဆီသို့ အားတင်းကူးခပ်လာစဉ် ရေလှိုင်းများအကြား ရုတ်တရက်ကိုင်မိသည်မှာ လုံးပတ်လက်မောင်းခန့်ရှိသော မြွေကြီးတစ်ကောင်ဖြစ်နေပြန်သည်။ မြွေကအန္တရာယ်မပြု၍သာ တော်ပါသေးသည်။ ကြောက်အားလန့်အားနှင့် မြွေလွတ်ရာသို့ ကူးခပ်ရှောင်တိမ်းသော်လည်း ဒီရေလှိုင်းများအကြား ဆက်လက်ကူးခပ်ရန် အားအင်ကုန် မောပန်းနေသည့်အတွက် ဆေးရုံပြတင်းပေါက်ပေါင်တစ်ခုပေါ်သို့ လှမ်းတက်၍ ခိုနားနေစဉ် မျောပါလာသော ဒန်အိုးကြီးတစ်လုံးကို မှီတွယ်၍ နေခဲ့ရသည်။

မိမိဆေးရုံရှိ လူနာများအားလုံးကို လတ်တလော အသက်ဘေးမှလွတ်မြောက်ရန် ဆောင်ရွက်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးပြီးသော ထိုအခြေအနေတွင် ဆရာစနိုင်နိုင်ထွန်းသည် မြင့်တက်လာနေသော ဒီရေလှိုင်းများအကြား မိမိကိုယ်တိုင် နစ်မြုပ်မသွားစေရေးအတွက် ဦးခေါင်းပိုင်း ရေလွတ်ရုံသာရှိသည့် ပြတင်းပေါက်ပေါင်ပေါ်တွင် ရပ်နားမှီတွယ်ရင်း အခြေအနေကို စောင့်ကြည့်နေရတော့သည်။ အထူးသဖြင့် ထိုအချိန်က ဆရာစနိုင်နိုင်ထွန်း စိုးရိမ်နေခဲ့သည်မှာ ထိုနေ့မနက်ကမှ သူမွေးဖွားပေးခဲ့သည့် လူ့လောကအတွင်း ရောက်လာခါစ မွေးကင်းစကလေးငယ်လေးနှစ်ဦး၏ ကျန်းမာရေးအခြေအနေပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ မိမိနှင့် လူနာအားလုံး၊ ဆေးရုံမိသားစုများအားလုံးအတွက် သရဏဂုံ အကြိမ်ကြိမ်ရွတ်ပွား၍ ဆုတောင်းမေတ္တာပို့ရင်း အခြေအနေကို စောင့်ကြည့်နေစဉ် ညနေ ၆ နာရီခန့်တွင် လေတိုက်နှုန်း အနည်းငယ်လျော့သွားပြီး ဒီရေမှာ တဖြည်းဖြည်းကျလာခဲ့သည်။ ခါးအမြင့်ခန့်သို့ ဒီရေကျသွားသည့်အခါ မွေးလူနာမိခင်နှစ်ဦးရှိရာ ဆေးရုံထုပ်တန်းဘက်သို့ သွားရောက်၍ ကလေးများကို လှမ်းယူပြီး ကြည့်ပေးခဲ့ရာ ကလေးငယ်နှစ်ဦးမှာ မငိုတော့ဘဲ ပြာနှမ်းလျက်ရှိနေပြီး အသက်မရှူတော့သည့် အခြေအနေသို့ ရောက်ရှိနေခဲ့သည်။ ထိုအခြေအနေကို ဆရာဝန်ကြီး ဦးဇော်အောင်သို့ လှမ်းပြောရာ ဆရာဝန်ကြီးလည်း ရောက်ရှိလာပြီး ကလေးများ အသက်ရှူနိုင်ရေးအတွက် ရေပြင်အတွင်းမှာပင် အရေးပေါ်အသက်ကယ်လုပ်ငန်း ဆောင်ရွက်ခဲ့ကြရသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၁၅၁၀၄၄ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၂၆၆၃၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၀၈၂၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၆၅၈၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၅၆၉၄၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြန်အောင်မြို့နယ် | ၂၁၁ | ၁၇၀၈၈၇ | ၁၈၂၃၀၆ | ၁၃၆၄၅ | ၁၅၆၉ | ၂၀၄၃၂ |
| ၂ | ကြံခင်းမြို့နယ် | ၉၄ | ၇၅၆၄၀ | ၇၆၈၅၆ | ၃၂၁၅ | ၆၂၃ | ၈၉၆၆ |
| ၃ | မအူပင်မြို့နယ် | ၃၁၁ | ၂၄၇၈၄၄ | ၂၃၅၁၆၉ | ၃၇၁၅၄ | ၄၈၅၄ | ၃၇၄၀၂ |
| ၄ | ပန်းတနော်မြို့နယ် | ၂၁၇ | ၂၀၁၆၅၅ | ၂၁၂၃၉၁ | ၃၄၆၂၆ | ၂၆၈၆ | ၂၅၈၇၂ |
| ၅ | ညောင်တုန်းမြို့နယ် | ၂၄၄ | ၁၇၀၁၆၈ | ၁၃၅၃၇၆ | ၁၂၀၅၆ | ၃၄၉၉ | ၂၈၂၁၄ |
| ၆ | ကျိုက်လတ်မြို့နယ် | ၂၆၀ | ၁၂၉၁၆၅ | ၁၂၈၅၇၈ | ၇၄၉၃ | ၁၀၅၆ | ၁၄၀၀၆ |
| ၇ | ဒေးဒရဲမြို့နယ် | ၁၈၁ | ၁၅၅၆၈၅ | ၁၅၅၉၅၈ | ၂၂၆၃၂ | ၂၂၉၈ | ၂၂၀၄၈ |
| | **စုစုပေါင်း** | **၁၅၁၈** | **၁၁၅၁၀၄၄** | **၁၁၂၆၆၃၄** | **၁၃၀၈၂၁** | **၁၆၅၈၅** | **၁၅၆၉၄၀** |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၅၁၈ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၂၉၇၁၃၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၇၄၄၁၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၂၇၁၈၊ မြေပြင်လက်ကျန် ၃၉၇၈၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၂၃၄၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၅၂၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြန်အောင်မြို့နယ် | ၂၁၁ | ၁၉၂၂၉၈ | ၁၃၀၃၇၂ | ၆၁၉၂၆ | ၅၇၃၄၂ | ၆၁၉၅ | ၁၆၁၁ |
| ၂ | ကြံခင်းမြို့နယ် | ၉၄ | ၈၅၅၆၆ | ၆၀၆၄၀ | ၂၄၉၂၆ | ၂၄၂၄၄ | ၂၀၅၁ | ၁၃၆၉ |
| ၃ | မအူပင်မြို့နယ် | ၃၁၁ | ၂၇၇၈၉၇ | ၁၇၈၆၈၅ | ၉၉၂၁၂ | ၈၉၄၃၄ | ၁၀၅၂၇ | ၇၄၉ |
| ၄ | ပန်းတနော်မြို့နယ် | ၂၁၇ | ၂၂၃၃၀၆ | ၁၅၉၆၅၄ | ၆၃၆၅၂ | ၆၀၉၉၂ | ၃၀၂၅ | ၃၆၅ |
| ၅ | ညောင်တုန်းမြို့နယ် | ၂၄၄ | ၁၉၃၉၉၄ | ၁၃၅၆၀၇ | ၅၈၃၈၇ | ၅၅၂၂၀ | ၄၈၄၁ | ၁၆၇၄ |
| ၆ | ကျိုက်လတ်မြို့နယ် | ၂၆၀ | ၁၅၀၇၁၄ | ၁၀၄၀၂၅ | ၄၆၆၈၉ | ၄၅၇၄၈ | ၂၄၄၄ | ၁၅၀၃ |
| ၇ | ဒေးဒရဲမြို့နယ် | ၁၈၁ | ၁၇၃၃၅၅ | ၁၀၅၄၂၉ | ၆၇၉၂၆ | ၆၄၉၁၇ | ၃၂၅၈ | ၂၄၉ |
| | **စုစုပေါင်း** | **၁၅၁၈** | **၁၂၉၇၁၃၀** | **၈၇၄၄၁၂** | **၄၂၂၇၁၈** | **၃၉၇၈၉၇** | **၃၂၃၄၁** | **၇၅၂၀** |

၆။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၂၄၄၁၀ ဦး ပိုမိုများပြားနေပါသည်။



ကျိုက်လတ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၃၀၈၂၁ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း (၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၆၅၈၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၅၆၉၄၀ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၈၈၇၁၄၉ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၈၇၄၄၁၂ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၂၇၃၇ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၂၃၄၁ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၇၅၂၀ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဈ) ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

(င) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအချို့သည် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ နောက်တိုးမဲဆန္ဒရှင်များကို မဲဆန္ဒရှင်စာရင်းပုံစံ (၁)စာအုပ်တွင် လက်ရေးဖြင့် ဖြည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊ အချို့ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင်အမည်ကို မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင်အမည်ကို ဖြည့်သွင်းမဲပေးခွင့်ပြုထားခြင်း၊

(စ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ စစ်သင်တန်းတက်ရောက်ရန်နှင့် ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ခဲ့မှုများ ဖော်ထုတ်ရရှိ

**နေပြည်တော် မေ ၁၁**

ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်/ထောက်ခံအားပေးသူများ နိုင်ငံအတွင်း အချို့မြို့ကြီးများ၌ ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှု ရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရန် လိုအပ်သော စစ်ဆေးရှာဖွေခြင်းများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံတွင် သင်တန်းတက်ရောက်ရန် စီစဉ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရန်နိုင်လမ်းသွယ် (၁၆) တိုက်အမှတ်(၃၃) အခန်းအမှတ်(၁၈)နေ ခင်ငြိမ်းသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်ငြိမ်းသူ ၃၁ နှစ် (ဘ)ဦးမြတ်ချယ်၊ ရန်နိုင်စိုး ၂၉ နှစ် (ဘ) ဦးအေးစိုး၊ မင်းခန့်နောင် ၁၉ နှစ် (ဘ)ဦးဇော်ဝင်းနိုင်၊ စွမ်းပြည့်လင်း ၁၉ နှစ် (ဘ) ဦးကိုကိုအောင်၊ ဝဏ္ဏထွန်း ၂၁ နှစ် (ဘ)ဦးစိုးမင်းထွန်းနှင့် ဆုလင်းထက် ၁၉ နှစ် (ဘ) ဦးအောင်ကိုကိုလွင်တို့ ခြောက်ဦးအား လက်လုပ်မိုင်း ၄၈ လုံး၊ ယမ်းပျော့ အတောင့် ၂၀၊ ဒီတိုနေတာ အခု ၂၀၊ ယမ်းကြိုး ၁၀ ပေ အပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ခင်ငြိမ်းသူနှင့် ၎င်းဦးဆောင်သည့် အဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ်အတွင်းရှိ ကျော်ကြားမုန့်ဟင်းခါးဆိုင်၊ Curvy (အမျိုးသမီးဘောင်းဘီအရောင်းဆိုင်)၊ ဗဟန်းမြို့နယ်ရှိ JJ Pun (စက်ယန္တရားအရောင်းဆိုင်ရုံးခန်း)တို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ရန်ကင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိတရားခံ ခင်ငြိမ်းသူ၏ ထွက်ဆိုချက်အရ သူရအောင် ၂၃ နှစ် (ဘ)ဦးမျိုးကျော်၊ စွမ်းထက်လှိုင်သော် ၂၀ နှစ် (ဘ) ဦးကျင်ထွေး၊ ဘုန်းမြတ်ဝင်း ၂၁ နှစ် (ဘ)ဦးရဲဝင်းနှင့် စည်သူ(ဘ) စိစစ်ဆဲတို့ လေးဦးသည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုထံသို့ စစ်သင်တန်းတက်ရောက်ရန် ထွက်ခွာသွားကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ သူရအောင်အပါ သုံးဦးကို ဧပြီ ၁၈ ရက်တွင် ဖယ်ခုံမြို့ စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး စည်သူမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

ဆက်လက်ထွက်ဆိုချက်အရ ဧပြီ ၁၈ ရက်တွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုထံသို့ စစ်သင်တန်းတက်ရောက်ရန် စီစဉ်နေသူ ကောင်းဆက်စိုး ၂၀ နှစ် (ဘ) ဦးဆန်းလွင်ကို ရန်ကင်းမြို့နယ်ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ ပိုင်သန့်(ခ)Joe ၃၂ နှစ် (ဘ) ဦးဆန်းမြိုင်ကို မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ရွှေရတနာလမ်း အမှတ်(၁၈/A-1/D)ရှိ ၎င်း၏နေအိမ်တွင် ယမ်းမှုန့် အဖြူရောင် နှစ်ပိဿာခန့်၊ ယမ်းမှုန့် အဝါရောင် ၅၀ ကျပ်သားခန့်၊ ယမ်းကြိုးခွေ ပေ ၃၀ ခန့်၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းမျိုးစုံ ၇၃ ခု၊ ကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ အပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အခြားဖမ်းဆီးထိန်းသိမ်းထားသူများ၏ ထွက်ဆိုချက်အရ ဧပြီ ၂၉ ရက်တွင် ကျော်ကိုကို ၃၅ နှစ် (ဘ)ဦးတင်ဝင်းကို တောင်ဥက္ကလာပမြို့နယ်ရှိ ၎င်း၏နေအိမ်၌ လက်လုပ်ဗုံး တစ်လုံး၊ ယမ်းပျော့ ခုနစ်တောင့်၊ ဒီတိုနေတာ ရှစ်ခု၊ ယမ်းကြိုး ခုနစ်ပေခွဲဖြင့် လည်းကောင်း၊ သန်းထက်ကိုကို ၃၁ နှစ် (ဘ)ဦးသန်းဦးကို မီးခိုးဗုံး ၁၀ လုံးပါ ပါကင် တစ်ဘူး၊ ယမ်းမှုန့် ၃၀ ကျပ်သားခန့်တစ်ဘူးအပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ခန့်စည်သူ ၂၅ နှစ် (ဘ)ဦးသန်းနိုင်ကိုလည်းကောင်း၊ ဖြိုးမောင်မောင်ဟိန်း ၂၄ နှစ် (ဘ) ဦးဇော်ဟိန်းကို လက်လုပ်ဗုံး သုံးလုံးဖြင့်လည်းကောင်း၊ ဟိန်းဝေယံ ၂၁ နှစ် (ဘ)ဦးမြကြိုင်နှင့် ဝေလင်းထွန်း ၃၅ နှစ် (ဘ) ဦးသိန်းထွန်းတို့ကို မီးခိုးဗုံး ၅၅ လုံးအပါအဝင် အကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်များအရ တရားခံ ခန့်စည်သူနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ်ရှိ Wa Ha Ha ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းဆက်အား ဆက်လက်ဖော်ထုတ်ခဲ့ရာ ဧပြီ ၃၀ ရက်တွင် တောင်ဥက္ကလာပမြို့နယ်အတွင်းနေထိုင်သူ ဇေယျာနိုင် ၁၉ နှစ် (ဘ) ဦးတင်ခိုင်၊ သူရိန်လင်း ၁၇ နှစ် (ဘ)ဦးမင်းဇော်ဇင်၊ ဟိန်းမင်းသူ ၁၇ နှစ် (ဘ)ဦးဇော်မင်း၊ ဖွဲ့မာန်ပြည့် ၁၇ နှစ် (ဘ)ဦးငွေအောင်၊ မင်းသန့်ဟန် ၁၇ နှစ် (ဘ)ဦးဝဏ္ဏစိုး၊ အောင်မြတ်မိုး ၂၅ နှစ် (ဘ)ဦးခင်အောင်လွင်၊ ထက်အောင်လွင် ၂၄ နှစ် (ဘ)ဦးသန်းလွင်၊ ယွန်းနဒီလွင် ၁၉ နှစ် (ဘ) ဦးသန်းလွင်နှင့် ကျော်ထင် ၄၀ နှစ် (ဘ)ဦးအောင်နိုင်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မေ ၁ ရက်တွင် စိုးကိုကို ၂၅ နှစ် (ဘ)ဦးအေးကိုအား သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်၌လည်းကောင်း၊ မေ ၂ ရက်တွင် နေလင်းထွန်း(ခ)အရှည်ကြီး ၂၆ နှစ် (ဘ)ဦးစောလှိုင်ကို တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးအနီး၌လည်းကောင်း၊ မေ ၆ ရက်တွင် ဖြိုးဝေဝင်း(ခ)ဘကြီးဖြိုး ၄၃ နှစ် (ဘ)ဦးဝင်းကြည်နှင့် အောင်သူဖြိုး ၂၇ နှစ် (ဘ)ဦးလှငွေးတို့ နှစ်ဦးကို တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် အင်းဝလမ်းထောင့်ရှိ ပြည့်ချမ်းခေတ် လက်ဖက်ရည်ဆိုင်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများကို စစ်ကြောဖော်ထုတ်ချက်အရ တရားခံ စိုးကိုကိုနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်းရှိ YBS (၁၄)ယာဉ်ပေါ်တွင် ဗုံးဖောက်ခွဲမှုဖြစ်စဉ်၌ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရသည်။


**ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့**

ဖမ်းဆီးထိန်းသိမ်းထားသူများ၏ ထွက်ဆိုချက်အရ မေ ၈ ရက်တွင် သာကေတမြို့နယ်အတွင်းနေထိုင်သူ ခွန်ပြည့်ဖြိုး ၂၆ နှစ် (ဘ) ဦးဉာဏ်ထွန်း၊ ပြည့်စုံ ၂၆ နှစ် (ဘ)ဦးမောင်ဝင်း၊ ထက်အာကာ ၂၂ နှစ် (ဘ)ဦးခင်မောင်၊ ရာဇာဖြိုး ၁၈ နှစ် (ဘ)ဦးခင်ရွှေ၊ ရှိုင်းထက်အောင် ၁၈ နှစ် (ဘ)ဦးဇော်ဝင်း၊ ကိုကိုမောင် ၃၄ နှစ် (ဘ)ဦးစိုးသန့်၊ စစ်မင်းဟိန်း ၂၃ နှစ် (ဘ)ဦးစိုးလွင်နှင့် နန္ဒစစ်အောင် ၂၁ နှစ် (ဘ)ဦးဇေယျာလွင်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ရှစ်ဦး၏ ထွက်ဆိုချက်အရ မေ ၉ ရက်တွင် သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးရှိ Standard Lab ဓာတ်ခွဲခန်းကို စစ်ဆေးရှာဖွေရာ ဆိုဒီယမ်ကလိုရိုက် နှစ်ဘူး၊ ယမ်းမည်း လေးဘူး၊ မဂ္ဂနီဆီယမ် နှစ်ဘူး၊ ပိုတက်ဆီယမ်နိုက်ထရိတ် တစ်အိတ်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဆက်လက်၍ သာကေတမြို့နယ် တံခွန်တိုင်တောရကျောင်းတိုက်သို့ စစ်ဆေးရှာဖွေရာ လက်လုပ်ဗုံး ခြောက်လုံး၊ ချိန်ကိုက်ဗုံး တစ်လုံး၊ လက်ပစ်ဗုံး(အမျိုးအစား စိစစ်ဆဲ) လေးလုံးနှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ သန်လျင်မြို့နယ် သဒ္ဒါဝိမုဒ်တိကျောင်းတိုက်ကို စစ်ဆေးရှာဖွေရာ လက်လုပ်ဗုံး ၂၀၊ ယမ်းမည်း သုံးဘူး၊ ယမ်းကြိုးခွေ ၁၀ ပေခန့် တစ်ခွေ၊ ပိုတက်ဆီယမ်နိုက်ထရိတ် တစ်ထုပ်နှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ သန်လျင်မြို့နယ် သာယာကုန်းဘုန်းကြီးကျောင်းသို့ စစ်ဆေးရှာဖွေခဲ့ရာ နန္ဒစစ်အောင်နှင့်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းပေးထားသော ဦးဝင်းဇော် (ခ) ဥူးယသဓမ္မ ၃၈ နှစ် (ဘ)ဦးအောင်သိန်းကို ပိုတက်ဆီယမ်နိုက်ထရိတ် တစ်ထုပ်၊ ယမ်းနှင့် မီးသွေးရောနှောထားသောအထုပ် တစ်ထုပ်နှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် ခင်ငြိမ်းသူအပါ ၃၉ ဦးကို ကြိုတင်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**၂၀၂၁ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ဖမ်းဆီးရမိသော ခင်ငြိမ်းသူ၏ ထွက်ဆိုချက်အရ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ ၃၉ ဦး၏ ဆက်စပ်မှုအခြေအနေပြ Diagram**



# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၁၁**
နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**ပေါက်ကွဲမှုများဖြစ်ပွားခဲ့**

ထိုသို့လုပ်ဆောင်ရာ မေ ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ရှမ်းကုန်းလမ်းအတွင်း၌လည်းကောင်း၊ ည ၆ နာရီ ၄၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၄ လမ်းနှင့် ၂၈ လမ်းထောင့် လမ်းမပေါ်၌လည်းကောင်း၊ ညနေ ၆ နာရီ ၅၅ မိနစ်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့ (၄)ရပ်ကွက် ဘောဂလိ–တောင်ငူကားလမ်းရှိ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှူးရုံးအနီး၌ လည်းကောင်း၊ ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် မဟာမြိုင်လမ်းနှင့် အောင်သပြေလမ်းတို့၌ လည်းကောင်း၊ ည ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဓ)ရပ်ကွက် ၆၆ လမ်းနှင့် ၆၇ လမ်းကြား၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးသောင်းမြင့်၏နေအိမ်၌ လည်းကောင်း၊ ည ၇ နာရီ ၄၅ မိနစ်တွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်းရှိ အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ ည ၈ နာရီခန့်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ လည်းကောင်း၊ ည ၈ နာရီ ၅၅ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅) ရပ်ကွက် သံသုမာလမ်းနှင့် သရဖီလမ်းထောင့်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဦးစီးမှူးရုံးဝင်းအတွင်း၌ လည်းကောင်း၊ ည ၁၀ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ နိုဝင်ဘာဟိုတယ်ရှေ့၌လည်းကောင်း၊ နံနက် ၇ နာရီ ၄၅ မိနစ်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝင်းအတွင်း၌ လည်းကောင်း၊ နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌လည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၀)ရပ်ကွက် ရတနာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်နှင့် နံနက် ၉ နာရီ ၃၅ မိနစ်တွင် အမှတ် (၅၁) ရပ်ကွက် ရတနာလမ်းနှင့် ပဲခူးဖြစ်လမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်တို့၌လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးမှုများကြောင့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။


တောင်ကြီးမြို့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုမှတ်တမ်း။

**သက်မဲ့ပြုလုပ်သိမ်းဆည်း**

ထို့ပြင် မေ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက်ရှိ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ အတ္ထရံသင်တန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒုံးကုန်းကျေးရွာအဝင်လမ်းဘေး၌ လည်းကောင်း၊ ည ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က) ရပ်ကွက် နတ်စင်လမ်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ရှိ ထရန်စဖော်မာအောက်ခြေ၌ လည်းကောင်း၊ မေ ၁၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဂိတ်(၂)ရှေ့ လမ်းဘေး၌လည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင် လမ်းဘေးနှင့် ကြည့်မြင်တိုင် ဘူတာ အုတ်တံတိုင်းကြားရှိ ရေမြောင်းအတွင်း၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ကားပါကင်၌လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်မိုင်းများထောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီး၊ မီးပုလင်းဖြင့် ပစ်ပေါက်

**နေပြည်တော် မေ ၁၁**
ဆူပူအကြမ်းဖက်သူများအနေဖြင့် တိုင်းဒေသကြီးအချို့ရှိ မြို့နယ်အချို့၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများအား မီးရှို့ခြင်းနှင့် မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်းတို့ပြုလုပ်ခဲ့၍ မီးလောင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မီးလောင်ပျက်စီးဆုံးရှုံးခဲ့**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၅၂ လမ်း၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူများက မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ပေ ၂၀၊ ပေ ၃၀ ရှိ အဆိုပါရုံး အဆောက်အအုံ တစ်လုံး၊ ရုံးတွင်း ပရိဘောဂများနှင့် ရုံးသုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။


ကဝမြို့နယ် ရွှေပေါက်ကံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုမှတ်တမ်း။

အလားတူ ယနေ့နံနက် ၁ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရွှေပေါက်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၄ ပေရှိ သွပ်မိုး၊ အုတ်ကာ စာသင်ဆောင်၏အလယ်၌ စာသင်ခုံစာရေးစားပွဲများ၊ သစ်သားထိုင်ခုံများအား အကြမ်းဖက်သူများက စုပုံမီးရှို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စာရေးစားပွဲ ၁၀ လုံး၊ ထိုင်ခုံအရှည် ၁၀ လုံး၊ White Board တစ်ခုနှင့် အခန်းကန့်ထားသည့် အထပ်သားပြားနှစ်ချပ်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၄ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် မြို့ပတ်လမ်းဘေးရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အကြမ်းဖက်သူတစ်ဦးက မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ်၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် အလျား ၃၂ ပေ၊ အနံ ၁၄ ပေခန့်ရှိ သွပ်မိုး/ကပ်ကာ၊ အုတ်ခင်းအဆောက်အအုံတစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ နံနက် ၇ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို အကြမ်းဖက်သူများက မီးပုလင်းဖြင့် လာရောက်ပစ်ပေါက်ခဲ့သော်လည်း မီးလောင်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရှို့ခဲ့သူအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အပြစ်မဲ့ပြည်သူများအပေါ် လူ့ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ

**နေပြည်တော် မေ ၁၁**
လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ တပ်မတော်အား တိုက်ခိုက်စော်ကားသည့်စာများ ရေးသားသူများဖြစ်ကြသည့် မဝင်းစုလှိုင်(ဘ) ဦးတင်အောင်ဝင်းနှင့် ညီမဖြစ်သူ မမေဇွန်ကို (ဘ)ဦးတင်အောင်ဝင်းတို့ နှစ်ဦးကို မေ ၁ ရက်တွင် ဖမ်းဆီးထိန်းသိမ်းပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

စစ်ဆေးမှုများအရ ၎င်းတို့ ညီအစ်မနှစ်ဦးသည် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများတွင် အကြိမ်ကြိမ်လိုက်ပါခဲ့ပြီး ၎င်းတို့၏နေအိမ်မျက်နှာစာလမ်းပေါ်တွင် နိုင်ငံတော်ကို ဆန့်ကျင်သည့်စာသားများရေးသားခြင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ၎င်း၏ မိသားစုဝင်များဖြစ်သည့် အမျိုးသားတစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ကို ဒလန်ဟုစွပ်စွဲကာ ဝိုင်းဝန်းဖမ်းဆီးပြီး မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်၌ မျက်ခုံးမွေးရိတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း မမေဇွန်ကို၏ ဖုန်းအတွင်းအချက်အလက်များမှတစ်ဆင့် သိရသည်။

ထိုသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းရင်းမရှိဘဲ ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၁၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မင်းကွက်(၂)ရပ်ကွက်ရှိ ဖြူစင်အလင်းရောင် ပညာဒါနဘုန်းကြီးကျောင်း၌ ဆူပူအကြမ်းဖက်သူများ ခိုအောင်းနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းထိုင်ဆရာတော် ဉူးသြဘာသ(၄၉)နှစ်(၁၄) ဝါ (ဘ)ဦးစောမောင်အား တွေ့ရှိရပြီး ကျောင်းတိုက်အတွင်းမှ ကိုနေပိုင်အမည်ပါ ကတ်ထူပုံး ငါးပုံးအတွင်းမှ ဖိုက်ဘာဦးထုပ် ၃၀၊ ဟန်းစပီကာ ၁၀ လုံး၊ ပလတ်စတစ်မျက်မှန် ၂၄ ခု၊ ဓာတ်ငွေ့ကာ နှာခေါင်းစည်း ၁၄ ခု၊ လက်အိတ် ၂၅ စုံ၊ Air Filter သုံးခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် တောင်ကြီး–ကျိုင်းတုံကားလမ်း ဝင်းဘိုကျေးရွာ(လမ်းခွဲ)အနီးအရောက်၌ တောင်ကြီးမြို့ဘက်မှ ကျိုင်းတုံမြို့တွင်းဘက်သို့ ရှစ်မိုင်တံတားဖြူကျေးရွာနေ ရာဇာ (၂၈)နှစ် (ဘ)ဦးဝေဆာမောင်းနှင်ပြီး ပန်ကျင်ကျေးရွာနေ လီမြှာ(ခ) လီဆွေ(၂၅)နှစ် (ဘ)ဦးအာယေး ပါအမျိုးသားသုံးဦး လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယမ်းတောင့် ၃၉၆ တောင့် သိမ်းဆည်းရမိခဲ့သည်။ ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၁ နာရီတွင် ယာဉ်မောင်း ရာဇာ၏နေအိမ်ကို ဆက်လက်သွားရောက်ရှာဖွေရာ ရာဇာ၏ ဇနီး မမိညူး(၂၈)နှစ် (ဘ) ဦးလော်ဂေါင်းကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ ယမ်းတောင့် ၂၅၈ တောင့်တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



ကျိုင်းတုံမြို့နယ်၌ ပြစ်မှုကျူးလွန်သူများအား ယမ်းတောင့် ၆၈၁ တောင့်နှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရွာသာကုန်းကျေးရွာ၏ အရှေ့တောင်ဘက်ရှိ လှည်းလမ်းဘေး ချုံအတွင်း၌ အရှည် လေးပေခန့် လက်လုပ်သေနတ် သုံးလက်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**သွားရောက်စစ်ဆေး**

အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၃)ရပ်ကွက် ဂရုဏာ(၃)လမ်းနေ ဦးကျော်လွင်ပိုင်ဆိုင်သည့် (၁၈)ရပ်ကွက် ဂန္ဓမာလမ်းရှိ "အောင်မင်းဟိန်း" စက္ကူစက်ရုံအဟောင်းကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်ဗုံး တစ်လုံး၊ စကားပြောစက် နှစ်လုံး၊ ဗျောက်အိုး ၁၂ လုံး၊ ယမ်းမီးခြစ် လေးဘူး၊ ဓာတ်ငွေ့ကာ သုံးခု၊ ဓာတ်ငွေ့ကာ မျက်မှန် တစ်ခု၊ ဖိုက်ဘာဦးထုပ် သုံးလုံး၊ အနက်ရောင်ဒူးကာ လေးစုံ၊ တံတောင်ကာ နှစ်စုံ၊ ကျည်ကာအင်္ကျီ ခြောက်ထည်၊ မျက်နှာဖုံးစွပ် တစ်ခု၊ လက်အိတ် တစ်စုံ၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၁၄ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ (၂)ရပ်ကွက် နီပါတန်းရပ်နေ အောင်အောင်ဦး (၃၀)နှစ် (ဘ) ဦးသိန်းနိုင်၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် စနက်တံပါ လက်လုပ်ဗုံး တစ်လုံး၊ ဖိုက်ဘာဦးထုပ် ၁၄ လုံး၊ ဂျင်ကလိ သုံးချောင်း၊ လေးခွတစ်လက်၊ ပိုက်ဆက်ကော်ဘူး တစ်ဘူး၊ မြောက်အိုး ၁၀ ခုပါ ၆၈ ဘူး၊ ကန့်အနည်းငယ်ထည့်ထားသည့် အချိုရည်ဘူးခွံ တစ်ခု၊ ကန့် ၅၀ ကျပ်သားခန့်ပါ ပလတ်စတစ် တစ်ထုပ်၊ အလျား သုံးလက်မခန့်ရှိ မြောက်အိုး တစ်လုံး၊ အလျား သုံးလက်မခန့်ရှိ PVC ပိုက်ဖြတ်ပိုင်း ခြောက်ခုတို့နှင့်အတူ ထိန်းသိမ်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်ရိပ်သာလမ်း ပုဂံလုံးကျွန်းရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက်နေ စိုးပိုင်(၃၈)နှစ် (ဘ)ဦးတင်ဝင်း မောင်းနှင်ပြီး သာကေတမြို့နယ် အမှတ်(၃) ရပ်ကွက် ရန်ပြေ (၆) လမ်းနေ ဒေါ်အောင်သိန်းသန်းဌေး(၅၂)နှစ် (ဘ) ဦးဖေသန်း စီးနင်းလိုက်ပါလာသည့် ယာဉ်၏နောက်ဖုံးအတွင်းမှ စစ်ကျောပိုးအိတ် ၄၃ လုံး၊ ဝဲ/ယာစစ်သိုင်းကြိုး ၄၇ စုံ၊ ပစ္စည်းပြေစာ တစ်စောင်၊ ဖုန်းတစ်လုံး၊ ဒေါ်အောင်သိန်းသန်းဌေးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ATM ကတ် နှစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေါ်အောင်သိန်းသန်းဌေးနေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ နေအိမ်၌ ၎င်း၏သမီးဖြစ်သူ မရွှန်းလဲ့ရည် (၂၄)နှစ် (ဘ)ဦးဆန်းမင်းအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပြုလုပ်ဆဲ လက်လုပ်မိုင်း ၂၄ လုံး၊ မီးစာကြိုး ၃၃ ချောင်း၊ ဆားကစ်ပြား ငါးခု၊ မိုးကာ ၁၀၀၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီးနိုင်ခြောက်ခု၊ ခေါက်ဆွဲခြောက်၊ ကွေကာအုပ်၊ အဝတ်အထည်များထည့်ထားသည့် ဆာလာအိတ် လေးလုံး၊ အစိမ်းရောင်စစ်ဂွမ်းကပ် တစ်ထည်တို့ကို ထပ်မံထိန်းသိမ်းရမိခဲ့သည်။

**ထိန်းသိမ်းရမိ**

အလားတူ ယနေ့ နံနက် ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၁၁၅ လမ်း၊ ၅၅ လမ်းနှင့် ၅၅(A)လမ်းကြားရှိ "အောင်ချမ်းသာ"ဘီယာဆိုင်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်ရှင်ဖြစ်သူ ထက်အောင်မျိုး (၃၆)နှစ်(ဘ) ဦးခင်မောင်ထွေးကို မတွေ့ရဘဲ ဆိုင်အတွင်းမှ ကျော်လှပါ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်မိုင်း ၁၂ လုံး၊ ဂျင်ကလိ ၃၂ ချောင်း၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ပိတ်စအထည် ၁၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နံနက် ၁ နာရီခွဲ၌ ထက်အောင်မျိုး၏နေအိမ်ဖြစ်သော အဆိုပါရပ်ကွက်ရှိ အိမ်အမှတ် (၂၀–က)ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့်တူ ထိန်းသိမ်းရမိခဲ့သည်။

အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျောင်းအိုးရပ်ကွက်နေ ရန်အောင်ဗလ(ခ)နောင်နောင် (၃၃)နှစ် (ဘ) ဦးထိန်ဝင်း၏နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက် ဆန္ဒပြရာတွင် အသုံးပြုသည့် ဂျင်ကလိ ၃၈ ချောင်း၊ လေးခွနှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိထိန်းသိမ်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တမူးမြို့နယ် သနန်ကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီဝင်တစ်ဦး၏ နေအိမ်ကို အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် သနန်ကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီဝင် ဦးမြင့်လွင်(ဘ)ဦးမောင်ရီ၏နေအိမ်ကို မေ ၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် အကြမ်းဖက်သူအင်အား ငါးဦးခန့်ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ဦးမြင့်လွင်နှင့် ရွာသားများက တူမီးသေနတ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများသည် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် ပြန်လည်ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရွာသူ ရွာသားများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ အကြမ်းဖက်သူများ ပစ်ခတ်ခဲ့သည့်နေရာမှ KNO/KNA တံဆိပ်ပါ တောဆောင်းဦးထုပ် တစ်လုံး၊ အေကေ ၄၇ ကျည်ခွံ ၆၁ တောင့်၊ အမ် ၁၆ ကျည်ခွံ ၂၅ တောင့်၊ ၁၂ ဗိုကျည်ခွံ နှစ်တောင့်နှင့် ကာဘိုင်ကျည် တစ်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါနယ်မြေတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# စစ်ကိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ ပျံလွန်တော်မူ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) မဟာထေရ် မြတ်ကြီးသည် သက်တော်(၈၆)နှစ် သိက္ခာတော် (၆၆)ဝါအရ ၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက် (၁၀-၅-၂၀၂၁) တနင်္လာနေ့ ည ၉ နာရီခွဲအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၈ ရက် (၁၈-၅-၂၀၂၁) အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီ အချိန်တွင် အန္တိမအဂ္ဂိစျာပန သဘင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက် စစ်ကိုင်းစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သာဒွန်းကျေးရွာ ခမည်းတော် ဦးပေါ်ရှုန်၊ မယ်တော် ဒေါ်ငွေအေးတို့မှ ၁၂၉၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့တွင် စစ်ကိုင်းမြို့ ဘော်ဂါရပ်၊ ဘော်ဂါကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၆ ခုနှစ်တွင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် တောလေးထပ်ကျောင်းတိုက် ခဏ္ဍာသိမ်၌ ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် စစ်ကိုင်းမြို့ ဘော်ဂါကျောင်း ဆရာတော်၊ ရွှေဘုံသာကျောင်း ဆရာတော်၊ တောလေးထပ်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ဇေယျသိမ်ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနတို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူလေ့လာခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌနိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနဝုဓိကရဂုဏ်၊ ဗုဒ္ဓသာသနဟိတရေဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနစရာ ဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ် ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာ ကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၂၀၁၉ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်ရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါအရ ၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက် (၁၀-၅-၂၀၂၁) တနင်္လာနေ့ ည ၉ နာရီခွဲအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၈ ရက်(၁၈-၅-၂၀၂၁) အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီအချိန်တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# မေ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၁ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၈၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၉၃,၈၈၈)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၇၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၁၅၅၄၆ | ၂၆၅၀၇၄၂၇ | ၅၉၆၁၈၁ |
| ၂။ | အိန္ဒိယ | ၂၂၉၉၂၅၁၇ | ၁၉၀၂၇၃၀၄ | ၂၄၉၀၂၅ |
| ၃။ | ဘရာဇီး | ၁၅၂၁၄၀၃၀ | ၁၃၇၅၉၁၂၅ | ၄၂၃၄၃၆ |
| ၄။ | ပြင်သစ် | ၅၇၈၀၃၇၉ | ၄၉၁၇၁၀၁ | ၁၀၆၆၈၄ |
| ၅။ | တူရကီ | ၅၀၄၄၉၃၆ | ၄၇၄၃၈၇၁ | ၄၃၃၁၁ |
| ၆။ | ရုရှား | ၄၈၉၆၈၄၂ | ၄၅၀၉၉၁၅ | ၁၁၃၉၇၆ |
| ၇။ | ဗြိတိန် | ၄၄၃၇၂၁၇ | ၄၂၅၀၆၉၉ | ၁၂၇၆၀၉ |
| ၈။ | အီတလီ | ၄၁၁၆၂၈၇ | ၃၆၁၉၅၈၆ | ၁၂၃၀၃၁ |
| ၉။ | စပိန် | ၃၅၈၁၃၉၂ | ၃၂၇၄၈၀၈ | ၇၈၈၉၅ |
| ၁၀။ | ဂျာမနီ | ၃၅၃၅၃၅၄ | ၃၁၉၆၉၀၀ | ၈၅၄၈၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၂၃၅၉၆ | ၁၅၈၀၂၀၇ | ၄၇၄၆၅ |
| ၂။ | ဖိလစ်ပိုင် | ၁၁၁၃၅၄၇ | ၁၀၃၈၁၇၅ | ၁၈၆၂၀ |
| ၃။ | မလေးရှား | ၄၄၈၄၅၇ | ၄၀၈၂၃၆ | ၁၇၂၂ |
| ၄။ | မြန်မာ | ၁၄၂၉၇၄ | ၁၃၂၀၅၀ | ၃၂၁၀ |
| ၅။ | ထိုင်း | ၈၆၉၂၄ | ၅၇၀၃၇ | ၄၅၂ |
| ၆။ | စင်ကာပူ | ၆၁၄၀၃ | ၆၀၉၅၃ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၀၂၂၃ | ၈၁၇၀ | ၁၃၁ |
| ၈။ | ဗီယက်နမ် | ၃၅၃၇ | ၂၆၁၈ | ၃၅ |
| ၉။ | လာအို | ၁၃၆၂ | ၂၉၇ | ၁ |
| ၁၀။ | ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |

# လက်မှုအနုပညာထုတ်ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ယွန်းအတတ်ပညာ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်း



**နေပြည်တော် မေ ၁၁**

မိမိနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်း ပြယုဂ်တစ်ခု ဖြစ်ပြီး လက်မှုအနုပညာ ထုတ်ကုန်အဖြစ် နိုင်ငံခြား ဝင်ငွေရရှိနိုင်သည့် ယွန်းအတတ်ပညာ ပိုမိုတိုးတက် ဖွံ့ဖြိုးရေးကို အလေးဂရုပြု ကြိုးပမ်းကြစေလိုကြောင်း၊ ကိုဗစ်-၁၉ကြောင့် ပိတ်ထားခဲ့ရသည့် မိမိတို့ ဝန်ကြီး ဌာနအောက်ရှိတက္ကသိုလ်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း များ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပြီး ယွန်းပညာ ကောလိပ်အပါအဝင် ကောလိပ်သုံးခုကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်ချက်များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ကြစေလိုကြောင်း မေ ၉ ရက် နံနက်က ယွန်းပညာကောလိပ်(ပုဂံ) သို့ရောက်ရှိစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

**ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိ**

ယွန်းပညာကောလိပ်(ပုဂံ) တွင် ပထမနှစ် ဒီပလိုမာသင်တန်းသား ၁၄၀၊ ဒုတိယနှစ် ဒီပလိုမာ သင်တန်းသား ၉၇ ဦးနှင့် အထက်တန်း ယွန်းပညာ သင်တန်း (ဒုတိယနှစ်) ခုနစ်ဦး စုစုပေါင်း ၂၄၄ ဦး ရှိကြောင်း၊ ယွန်းပညာကောလိပ်တွင် ဒီပလိုမာ သင်တန်းများအပြင် ကာလတိုသင်တန်းများဖြစ်သည့် ဝါးတာရှည်ခံသင်တန်း၊ ဝါးလက်မှုအနုထည်သင်တန်း၊ အနက်ထည်ယွန်းပညာသင်တန်း၊ ရွှေဇဝါယွန်းပညာ သင်တန်း၊ ကညစ်ယွန်းပညာသင်တန်း၊ သားရိုး ပန်းကြွယွန်းနည်းပညာသင်တန်း၊ ရွှေပြားခတ်နည်း ပညာသင်တန်းအပြင် ဂျပန်ယွန်းထည်နည်းပညာ ဆင့်ပွားသင်တန်းများလည်း ဖွင့်လှစ်သင်ကြားပို့ချ လျက်ရှိကြောင်း၊ နိုင်ငံခြားယွန်းတက္ကသိုလ်များဖြစ် သည့် ဂျပန်၊ အီတလီနှင့် ထိုင်းယွန်းပညာတက္ကသိုလ် များနှင့်လည်း နည်းပညာပူးပေါင်းဖလှယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တောင်ကင်း ကျေးလက်ဒေသရေပေးရေး နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုရာ မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးက မြစ်ရေတင်စီမံကိန်း၏ သမိုင်း ကြောင်းနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက နတ်သမီးကမ်းပါး မြစ်ရေတင်စနစ်တွင် စနစ်နှစ်မျိုး ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် အသုံးပြုသည့် ပန့်များ၊ မော်တာများ၊ လေမှုတ်စက်များကြံ့ခိုင်ရေး ပုံမှန် ပြုလုပ်ရန်လိုကြောင်း၊ တောင်ကင်းနှင့် စက်စက်ယို ရေပေးလမ်းကြောင်း နှစ်ကြောင်းဖြင့် မြစ်ရေတင် စနစ်ဖြစ်သဖြင့် စက်များ၏ကြံ့ခိုင်ရေးကို ပုံမှန်ပြုလုပ် ရန်နှင့် ပန့်များ၊ မော်တာများ အရံထားရှိရန်လိုကြောင်း၊ လက်ရှိတွင် လျှပ်စစ်မြစ်ရေတင်စနစ်ဖြစ်၍ ရေသုံးစွဲ သူများထံမှ ရေမီတာခကောက်ခံနေသော်လည်း၊ ဆယ်ချိုးတစ်ချိုးခန့်သာ ကောက်ခံရရှိခြင်းဖြစ်ပြီး နိုင်ငံတော်မှ များစွာစိုက်ထုတ်ကျခံနေကြောင်း၊ ရေရှည်အတွက် လျှပ်စစ်ခတ်အားခ သက်သာရန် ဆိုလာစနစ်သို့ တဖြည်းဖြည်း ပြောင်းသွားရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းသည် ပုဂံဒေသရှိ ကျေးရွာ ၁၀၅ ရွာသို့ နေ့စဉ် ရေပေးဝေ လျက်ရှိရာ မိသားစု ၂၂၉၉၄ စုရှိ လူဦးရေ ၁၁၅၂၄၄ ဦး ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တိုင်းရင်း ကြက်မွေးမြူရေးသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တိုင်းရင်း ကြက်မျိုးများမွေးမြူထားရှိမှုနှင့် ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက သုတေသနဖွံ့ဖြိုးရေးနှင့် မျိုးထိန်းမျိုးပွား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

### သူ့ရဲ့အနုပညာလက်ရာတွေနဲ့ပတ်သက်ပြီး မှတ်ချက်ပြုမှုကို ဂိုဟေဆန်း တုံ့ပြန်

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ဂိုဟေဆန်းကို မြန်မာ ပရိသတ်တွေအနေနဲ့ Boys Over Flowers ဇာတ်လမ်းတွဲ ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး ဂင်ဂျန်ဒီအဖြစ် လူသိ များပါတယ်။ သူဟာ အနုပညာနယ်ပယ်မျိုးစုံမှာ လှုပ်ရှား ခဲ့ဖူးသူတစ်ဦးဖြစ်ပြီး လတ်တလောမှာတော့ သူ့ရဲ့ အနုပညာ လက်ရာတွေနဲ့ပတ်သက်ပြီး စာရေးဆရာတစ်ဦးဖြစ်သူ လီကျူဝန်က ရုပ်သံအစီအစဉ်တစ်ခုမှာ အရည်အသွေး မပြည့်မီကြောင်း ပြောကြားခဲ့ပြီးနောက် ဂိုဟေဆန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တုံ့ပြန်ရေးသား ဖော်ပြခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

မေ ၁၁ ရက်မှာ ဂိုဟေဆန်းက သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ လီကျူဝန်ရဲ့ ပြောစကားတွေကို ပြန်လည် တုံ့ပြန်ရေးသားဖော်ပြခဲ့တာပါ။ ဆွေးနွေးပွဲတစ်ခုမှာ ဂိုဟေဆန်းရဲ့ လက်ရာနဲ့ အခြားသော နာမည်ကျော်တစ်ဦး ဖြစ်သူ ဆော်ဘီရဲ့ အနုပညာလက်ရာတွေကို နှိုင်းယှဉ်ကာ ပိုမိုကောင်းမွန်သူကို ရွေးချယ်စေခဲ့ရာမှာ လီကျူဝန်က ဂိုဟေဆန်းရဲ့ လက်ရာတွေဟာ မှတ်ချက်ပြုဖော်ပြဖို့ပင် မထိုက်တန်ကြောင်းနဲ့ သူဖန်တီးခဲ့သမျှသော အနုပညာ လက်ရာတွေကို ပြန်လည်ကြည့်ရှုပါက တစ်ခုမျှပင် ကောင်းမွန်မှန်ကန်အောင် လုပ်ဆောင်နိုင်ခြင်းမရှိတာကို တွေ့ရကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒီလိုပြောကြားခဲ့တဲ့အပေါ် ဂိုဟေဆန်းက သူ့ရဲ့ အနုပညာလက်ရာတွေအပေါ် ဝေဖန်မှုအတွက် ကျေးဇူးတင် ကြောင်း၊ ဒီလိုဝေဖန်ခဲ့တာကြောင့် သူ့ရဲ့အနုပညာလက်ရာ တွေကို ပရိသတ်တွေအနေနဲ့ နောက်တစ်ကြိမ် ပြန်လည် အမှတ်ရသွားစေကြောင်းနဲ့ သူ့ရဲ့ အနုပညာလက်ရာတွေကို စိတ်ခံစားမှုအပေါ်မှာသာ အခြေခံကာ ရေးဆွဲခဲ့ပြီး ပန်းချီပြပွဲ ပြုလုပ်ခဲ့ချိန်က ပန်းချီကား ၅၀ ချပ် ပြသခဲ့ရာ ၄၈ ချပ် ရောင်းချခဲ့ရကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြထား တာ တွေ့ရပါတယ်။

**အေးပြည့် - ရေးသားသည်**



### လူကြိုက်အများဆုံးဆုရရှိခဲ့တဲ့ ဆိုရယ်ဂျီ ဆုပေးပွဲအခမ်းအနားတက်ရောက်ရန် ဆွေးနွေး

တောင်ကိုရီးယား မင်းသမီးတစ်ဦးဖြစ်တဲ့ ဆိုရယ်ဂျီဟာ မကြာမီပြုလုပ်သွားမယ့် Baeksang Arts Awards ဆုပေးပွဲမှာ လူကြိုက်အများဆုံး မင်းသမီးဆုကို ဆွတ်ခူးနိုင် ခဲ့ပြီး အဆိုပါ ဆုပေးပွဲအခမ်းအနားတက်ရောက်ကာ ဆုလက်ခံရယူဖို့အတွက် လတ်တလောမှာ ဆွေးနွေးနေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက် တွေအရ သိရပါတယ်။

ယခုနှစ်မှာ ပြုလုပ်မယ့် ၅၇ ကြိမ်မြောက် Baeksang Arts Awards ဆုပေးပွဲမှာ ဆိုရယ်ဂျီဟာ တစ်တော့မှာ လူကြိုက်အများဆုံး မင်းသမီးဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး လူကြိုက်အများဆုံး မင်းသားဆုကိုတော့ ကင်ဆန်းဟိုက ရရှိခဲ့တာဖြစ်ပါတယ်။

ဆိုရယ်ဂျီဟာ ယခုလတွေအတွင်း အတိတ်က လုပ်ဆောင်ခဲ့တဲ့အပြုအမူတွေနဲ့ ပတ်သက်ပြီး အများရဲ့အပြစ်တင်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဆိုရယ်ဂျီဟာ သူပါဝင် သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Island မှ နုတ်ထွက်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပြီး သူ့ရဲ့ရုပ်ရှင်သစ် Recalled အတွက်ပြုလုပ်တဲ့ သတင်းစာ ရှင်းလင်းပွဲကိုလည်း တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ပရိသတ်တွေက ဆိုရယ်ဂျီ အနေနဲ့ Baeksang Arts Awards ဆုပေးပွဲကို တက်ရောက်ခြင်းရှိ၊ မရှိ သိရှိလိုရာ မင်းသမီးရဲ့အေဂျင်စီက လတ်တလောမှာတော့ ဆုပေးပွဲတက်ရောက်ကာ ဆုလက်ခံ ရယူဖို့အတွက် ဆွေးနွေးနေဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့ပါတယ်။

*** တိုကျိုမှ**

အိုလံပစ်ဝင်ခွင့်အတွက် အဆင့်သတ်မှတ်ချက်တွင် ၂၉ နေရာ၌ ရပ်တည်နေသည်။ သက်ထားသူဇာသည် ကပ်ရောဂါကြောင့် ၂၀၂၀ ဖေဖော်ဝါရီလကုန်အထိသာ ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရပြီး ယခုနှစ်အတွင်း ပြိုင်ပွဲအချို့ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ယှဉ်ပြိုင် နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ သက်ထားသူဇာသည် ဇွန်လဆန်းတွင် ကျင်းပမည့် စင်ကာပူအိုးပင်းပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသည်။ အိုလံပစ်ဝင်ခွင့် အတွက် လက်ရည်စစ် နောက်ဆုံးပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၆ ရက်အထိ ကျင်းပမည့် စင်ကာပူအိုးပင်းပြိုင်ပွဲအထိ သတ်မှတ်ထားသည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများတွင် ရရှိသည့်ရမှတ်များအပေါ် မူတည်၍ ရွေးချယ် သွားမည်ဖြစ်သည်။ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ပုံမှန်အရ ပြီးခဲ့သည့်နှစ်တွင် ကျင်းပရ မည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရပြီး ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်**

**☆ ကျောဖုံးမှ**

ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ လက်ရွေးစင် အသင်းများ၏ ပြိုင်ပွဲဖြစ်သည့် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် အုပ်စု မဲခွဲပွဲကို မေ ၂၇ ရက်တွင် မလေးရှားနိုင်ငံ၌ ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က မေ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အပါအဝင် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲနှင့် အာရှ ဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့်ရက်နှင့် ခြေစစ်ပွဲအုပ်စုမဲခွဲပွဲပြုလုပ် မည့် အစီအစဉ်များကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြေစစ်ပွဲသုံးခုစလုံးတွင် မြန်မာအသင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ခြေစစ်ပွဲကျင်းပမည့်ကာလအပေါ်မူတည်၍ ပြင်ဆင်မှုများ ပြုလုပ်သွားဖွယ်ရှိနေသည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲနှင့် ၂၀၁၉ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတို့တွင် မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ခြင်းမရှိခဲ့ဘဲ ၂၀၁၉ အာရှဖလား ယူ-၂၀ ပြိုင်ပွဲ၌သာ ခြေစစ်ပွဲ အောင်မြင်ကာ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ယူ-၂၀ အမျိုးသမီးအသင်း၊ ယူ-၁၇ အမျိုးသမီးအသင်းတို့ကို ပြည်တွင်းနည်းပြဆရာများကသာ တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-AFC**

ကြော်ငြာ

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၆-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၅-၂၀၂၂ ရက်နေ့မှ ၈-၆-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင် မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ် တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။


၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓမ္မစေတီယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ကြီးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)**
**ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)**
**(ကဗျာဆရာဏ္ဏနွှာဆွေ)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၉-၅-၂၀၂၁(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း(၃၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)**
**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း) သည် ၉-၅-၂၀၂၁(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဦးခင်အောင်)-ဒေါ်သန်းရီနှင့်သားသမီးများ**
**မြောင်မြို့နယ်၊ သောင်ကြီးကျေးရွာ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြသစ်အောင် (BA.BE.d)
**အသက်(၈၈)နှစ်**
**ဖြူးမြို့**
**အထက(၁) ရန်ကင်း**
**အထက(၁) ဗိုလ်တထောင်**
**အထက(၃) ဗိုလ်တထောင်**
**အလက (၂) ဗိုလ်တထောင် သန်လျက်စွန်းကျောင်းအုပ်(ငြိမ်း)**

ဖြူးမြို့နေ (ဦးအောင်ကြီး-ဒေါ်စန်း)တို့၏ တစ်ဦးတည်းသောသမီး၊ အမှတ်(၁၆/ဘီ)၊ ပထမထပ်၊ နှင်းပန်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့နေ ဒေါ်မြသစ်အောင်သည် ၁၀-၅-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ် ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)
**OTS(၄၉)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၉)လမ်း၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၁၀၃)နေ (ဦးအုန်းသွင်-ဒေါ်အုန်းခင်)တို့၏သား၊ ဒေါ်မြမြသိန်း၊ ဦးဝင်းမြင့်တို့၏အစ်ကိုကြီး၊ ဒေါ်နုနုခိုင်၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်မှူးဖြိုးလှိုင်ဝင်း-မကေဇင်ခိုင်မြင့်၊ ဦးဗိုလ်ဗိုလ်ခိုင်မြင့်-မစုလှိုင်အောင်၊ ဦးမင်းခန့်ကျော်-မမြကေခိုင်အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၂၁ ရက် နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တနေမိန္ဒ(တန့်ဆည်)
**သိက္ခာတော်(၅၀)၊ သက်တော်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ အောင်မြေကျောင်း၊ ပဓာန နာယက၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ၏ ညီအရင်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ အောင်မြေကျောင်း၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒသည် (၁၃၈၃ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်) ၈-၅-၂၀၂၁ (စနေနေ့) ညနေ ၃:၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) ၁၂-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ

## ဒေါ်တင်တင်မြင့် (မြိတ်မြို့)
**အသက်(၇၅)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၈၄၃)နေ (ဦးကြာရွှေ-ဒေါ်ထွန်းကြည်)တို့၏သမီး၊ (ဦးကျောက်ဝါး-ဒေါ်အေးရှိ)တို့၏ သမီးချွေးမ၊ (ဦးကြံ့ဟို)၏ဇနီး၊ ဦးဉာဏ်ထွန်း-ဒေါ်ဥမ္မာအေး၊ ဦးကိုကိုလွင်(T.T Light Power Co., Ltd)-ဒေါ်ချယ်ရီဝင်း(တွဲဖက်ပါမောက္ခ၊ (အင်္ဂလိပ်စာဌာန)၊ ဦးအောင်ဇော်ဦး(ဒုတိယအင်ဂျင်နီယာချုပ်၊ ခတ်/ဖြန့်)-ဒေါ်သိင်္ဂီဝင်း(Golden Smart Power Co.,Ltd)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေပြည်တော်၊ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၁(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာအရှင်မြတ် အမိန့်တော်ခံယူခြင်း**
## ဦးမြဝင်းမောင်(ခ)ဦးညီပု(ခ)မိုဟာမုဒ်ရဟီမ်း
**တစည ပါတီရုံး**
**အသက်(၇၃)နှစ်**

ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်နေ [ဦးတင်ဦး (အရေးပိုင်မင်း)-ဒေါ်ခင်အုံးမြင့်]တို့၏သားထွေး၊ (ဒေါ်ခင်လှမြင့်)၊ (ဦးစိန်ညွန့်)-ဒေါ်တင်ဆွေဆွေကြူ၊ (ဦးခင်မောင်ချို)-ဒေါ်ဝင်းဝင်းဦး၊ (ဦးစိန်ဝင်းမောင်-ဒေါ်ခင်ညိုညို)၊ ဦးခင်မောင်ဇော်-ဒေါ်သောင်းသောင်းကြည်၊ (ဦးခင်မောင်ဌေး)-ဒေါ်တင်ရွှေတို့၏ ညီ/မောင်၊ တူ/တူမ ၂၀ ယောက်တို့၏ ဦးလေး၊ မြေး ၁၆ ယောက်တို့၏အဘိုး ဦးမြဝင်းမောင်သည် ၉-၅-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၅၃နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၅-၂၀၂၁(တနင်္လာနေ့)တွင် ရေနံချောင်း အိုးဘိုကဗရ်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်းနှင့် မကွယ်လွန်မီ၊ ကွယ်လွန်ပြီး အစစအရာရာကူညီပေးခဲ့သော သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်နန်းစံမြန်းတော်မူခြင်း**
## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ
**သိက္ခာတော် (၆၆)ဝါ၊ သက်တော်(၈၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ စစ်ကိုင်းစာသင်တိုက်ကြီး ၏ ဦးစီးပဓာနမဟာနာယက၊ ဗိုလ်တထောင်စေတီတော်၊ မဟာဝိဇယစေတီတော်၊ အာနန္ဒာကျိုက် ဒေးယုံစေတီတော်၊ ကျိုက္ကစံစေတီတော်၊ သုဝဏ္ဏမြို့ ဦးစေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) သိက္ခာတော် (၆၆)ဝါ၊ သက်တော် (၈၆)နှစ်သည် (၁၃၈၃ ခုနှစ်၊ တန်ခူးလကွယ်) ၁၀-၅-၂၀၂၁ (တနင်္လာနေ့) ည ၉: ၃၀ နာရီတွင် စစ်ကိုင်းစာသင်တိုက် စံကျောင်းတော်၌ ဘဝနတ်နန်းစံမြန်းတော်မူသွားပါသဖြင့် (၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) ၁၂-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ဆရာတော်သီတင်းသုံးရာကျောင်းဆောင်မှ စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခံမည်ဖြစ်ပြီး အန္တိမစျာပနအခမ်းအနားကို (၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်) ၁၈-၅-၂၀၂၁ ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အဂ္ဂိစျာပနလောင်တိုက်သွင်းပူဇော်မည်ဖြစ်ကြောင်း တပည့်ရဟန်းများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

## ဗိုလ်မှူးကြီးအောင်ငွေ (ငြိမ်း)
**အသက်(၆၈)နှစ်**
**D.S.A (17) Intake**

(ဦးဇော်မောင်-ဒေါ်မြငြိမ်း)တို့၏ သားကြီး၊ (ဦးချစ်တင်)- ဒေါ်လေလေီတို့၏ သားသမက်၊ ဒေါ်လှလှကျင်(ခ)မဘောဘီ၏ခင်ပွန်း၊ ဒေါ်စိုးစန္ဒာအောင်၊ ဦးဇော်မိုးသိန်း-ဒေါ်အိမွန်မွန်အောင်၊ ဦးစည်ထွန်းအောင်-ဒေါ်အေးမြတ်ဖြူစင်၊ ဦးကောင်းမြတ်အောင်-ဒေါ်ဝတ်ရည်မွန်ကျော်တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့အဘိုး ဗိုလ်မှူးကြီးအောင်ငွေ(ငြိမ်း)သည် ၁၁-၅-၂၀၂၁ ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၅-၂၀၂၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အပိုင်း (၂)၊ (၁၆) ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၇)၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဂ်ဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်မြင့်
## အသက်(၉၄)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်မောင်သိမ်း-ဒေါက်တာမွန်မွန်တာတို့၏ မိခင်ကြီး ဒေါ်တင်မြင့် အသက်(၉၄)နှစ်သည် ၉-၅-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေး၊**
**အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

တော

တောင်

ခြောက်ခန်း

လယ်ယာ

နှမ်း၏

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူး ဇော်မင်းဦး(ငြိမ်း)**
**အသက်(၅၄)နှစ်**
**O.T.S (၈၅)၊ သီဟတပ်ခွဲ**

ဗိုလ်မှူး ဇော်မင်းဦး(ငြိမ်း)သည် ၁၀-၅-၂၀၂၁(တနင်္လာနေ့) နံနက် ၉:၄၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့်မိသားစုဝင်များ**

## ကျေးဇူးတင်ရှိခြင်း
**ဒေါက်တာငြိမ်းသူအောင်**
**အသက် (၃၂)နှစ်**

၉-၅-၂၀၂၁ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသော ဒေါက်တာငြိမ်းသူအောင် အသက်(၃၂)နှစ် နာရေးကိစ္စတွင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေများ၊ ညီနောင်(၂၄) သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ မေးမြန်းအားပေးနှစ်သိမ့်ပေးကြသော မိတ်ဆွေသူငယ်ချင်းများတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်နေ ဒေါ်စန်းစန်းဌေး(ဘ) ဦးပေါ်လာ[၉/ကဆန(နိုင်)၀၀၉၄၂၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ခင်ပွန်းဖြစ်သူ ဦးအောင်လွင်အပေါ် ၎င်းပြုလုပ်ခဲ့သည့်ကိစ္စများနှင့် အများသိစေရန် နောက်နောင်တွင်မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးအောင်လွင်နှင့်ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်းဌေးတို့သည် နှစ်ပေါင်း(၂၀)ကျော်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ဦးအောင်လွင်သည် ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်းဌေးနှင့် ပေါင်းသင်းနေထိုင်စဉ်ကာလတစ်လျှောက်လုံး ခင်ပွန်း ဝတ္တရားနှင့်အညီ ကျွေးမွေးလုပ်ကိုင်ပေးခြင်းမရှိဘဲ ကျွန်ုပ်၏အမှုသည် ကြိုးစားလုပ်ကိုင်၊ ရှာဖွေစုဆောင်းထားသည့် အကျိုးစီးပွားများနှင့် ငွေကြေးများကို နောက်ကွယ်မှကျွန်ုပ်၏အမှုသည်မသိအောင် အကျိုးမဲ့စွာဖြုန်းတီးသုံးစွဲခဲ့သည့်အတွက် ကျွန်ုပ်၏အမှုသည် မိသားစုအကျိုးစီးပွားများ များစွာထိခိုက်၊ နစ်နာဆုံးရှုံးနေပါသည်။

ထို့ကြောင့် ယနေ့မှစ၍ နောက်နောင်တွင်ဦးအောင်လွင်(ဘ)ဦးချင်းဆွေ[၉/ကဆန(နိုင်)၀၀၃၂၂၅] ကိုင်ဆောင်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမှ ဒေါ်စန်းစန်းဌေး(နေလသုခ-ကုမ္ပဏီလီမိတက်) နှင့် မိဘများ၊ ဦးအောင်လွင်၏ မိဘများနှင့်မိသားစုဝင်အားလုံးတို့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စန်းစန်းဌေး** | **ဦးစိုင်းမင်းထွန်း(LL.B)** |
| **[၉/ကဆန(နိုင်)၀၀၉၄၂၄]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၈၈)** |
| **အေးမြကြည်လင်ရပ်၊ ကျောက်ဆည်မြို့** | **ဖုန်း-၀၉-၂၅၄၆၀၄၃၄၄** |

# ဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှငွေများ မည်သည့်အကြောင်းအရင်းနှင့်မျှ ဆုံးရှုံးသွားမည် မဟုတ်

**နေပြည်တော် မေ ၁၁**
စီးပွားရေးကဏ္ဍတွင် အရေးကြီးသည့် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်အနေဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်များအား ကွပ်ကဲလျက်ရှိပြီး လက်ရှိအချိန်တွင် အများပြည်သူ အထင်မှားနေသည့် ဘဏ်များ ဖျက်သိမ်းမည့်အစီအစဉ် လုံးဝမရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က မေ ၈ ရက်တွင်ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် ဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှ ငွေများ မည်သည့်အကြောင်းရင်းနှင့်မျှ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖



# ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ)ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ဆေးဝါးကုသမှုများ ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၁
ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာန အပါအဝင် အခြားသော သက်ဆိုင်ရာဆေးကုသမှုဌာနများတွင် ပြင်ပလူနာ၊ အတွင်းလူနာများအား ၂၄ နာရီ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ ရတနာသားကောင်းသမီးမွန်များ နာဂစ်မုန်တိုင်းကြားမှ စေတနာဖခင် ကရုဏာရှင် သူနာပြု ဦးစနိုင်နိုင်ထွန်း**
စာမျက်နှာ » ၁၆

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၈

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံ စစ်သင်တန်းတက်ရောက်ရန်နှင့် ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ခဲ့မှုများ ဖော်ထုတ်ရရှိ**
စာမျက်နှာ » ၂၀

# တိုကျိုအိုလံပစ် ဝင်ခွင့်ရရှိသည့် ကြက်တောင် ကစားသမားများကို ဇွန်လလယ်တွင် ထုတ်ပြန်မည်



**ရန်ကုန် မေ ၁၁**
ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိသည့် ကြက်တောင်အားကစားသမားများကို ဇွန်လလယ်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လက်ရည်စစ်ပွဲကာလကို အပြောင်းအလဲပြုလုပ်ခဲ့ရသဖြင့် ဝင်ခွင့်ရရှိသည့် ကစားသမားများကို ဇွန် ၁၅ ရက်မှသာ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

**အပြောင်းအလဲပြုလုပ်**

အိုလံပစ်ဝင်ခွင့်အတွက် လက်ရည်စစ်ပွဲကာလကို ယခင်က ၂၀၁၉ မှ ၂၀၂၀ နှစ်လယ်ပိုင်းအထိ သတ်မှတ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိုလံပစ်ပြိုင်ပွဲ ရွှေ့ဆိုင်းမှုနှင့်အတူ လက်ရည်စစ်ပွဲကာလကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရသည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပနေသည့်ပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ် မတ်လဆန်းမှ ဒီဇင်ဘာလကုန်အထိ ရပ်နားခဲ့ရပြီး အိုလံပစ်ဝင်ခွင့် လက်ရည်စစ်ပွဲများကို ယခုနှစ်ဆန်းပိုင်းတွင် ပြန်လည်ကျင်းပလျက်ရှိသည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲအများစုကို သတ်မှတ်ရက်အတိုင်း ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းနေရသလို ယခုနှစ်အတွင်း ပြိုင်ပွဲအနည်းငယ်သာ ကျင်းပနိုင်ခဲ့သည်။

မြန်မာကြက်တောင် အားကစားမယ်သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ပြီး နောက်ဆုံးထုတ်ပြန်ထားသည့် **စာမျက်နှာ ၂၅ ကော်လံ ၄ သို့** ✻

# အာရှဖလား အမျိုးသမီးခြေစစ်ပွဲများ ကျင်းပမည့်ရက် အာရှဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်မည်

ရန်ကုန် မေ ၁၁
**အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲသုံးခု ကျင်းပမည့်ရက်ကို ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ ပြန်လည်ထုတ်ပြန်သွားမည်ဖြစ်သည်။**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ ၂၀၂၂ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့်၊ ၂၀၂၂ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့်ပွဲစဉ်များကို ယခုနှစ်အတွင်းပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

**အမျိုးသမီးခြေစစ်ပွဲ**

အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်၊ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ဩဂုတ် ၁၄ ရက်မှ ၂၂ ရက်၊ ဒုတိယအဆင့်ကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်၊ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၆ ရက်၊ ဒုတိယအဆင့်ကို **စာမျက်နှာ ၂၅ ကော်လံ ၄ သို့** ☆

